# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ၂၄ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

# ၂၃-၉-၂၀၁၁

**အချိန်**၊၁၀ း ၀၀။

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၄ ရက်မြောက်နေ့ အစီအစဉ်စတင်ပါ တော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၆၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန် ကြားရန်ဖြစ်ပါတယ်။

**ဗိုလ်မှူးထွန်းထွန်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြန်တမ်းဝင်အမှတ် ကြည်း ၂၆၈၈၁ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးထွန်းထွန်းဦးမှ ပြန်တမ်းဝင်အမှတ် ကြည်း ၂၆၉၈၅ ဗိုလ်မှူးဝင်းမိုးခိုင်

ကိုယ်စားခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဗိုလ်မှူးဝင်းမိုးခိုင်ဟာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် အဆောင်တွင် နားနေရပါသဖြင့် ယနေ့ ၂၃-၉-၂၀၁၁ ရက်နေ့တစ်ရက်အား ခွင့်အဖြစ် ခံစားခွင့်ပြုနိုင်ပါရန် ရှိသေ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသန်းဝင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်ကိုယ်စား ခွင့်တိုင်ကြားမှာဖြစ်ပါတယ်။ ဦးကိုကိုလွင်သည် တုပ်ကွေးရောဂါ ဖြစ်ပြီး ဖျားနေခြင်းမပျောက်သေးပါသဖြင့် ယနေ့ ၂၃-၉-၂၀၁၁ ရက်နေ့အား ခွင့်တစ်ရက် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်သည် ၎င်း၏ စီးပွားရေးလုပ်ငန်းများအတွက် မုံရွာမြို့သို့ ကိုယ်တိုင်သွားရောက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် ယနေ့ ၂၃-၉-၂၀၁၁ ရက်နေ့ တစ်ရက်အား ခွင့်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ကျွန်တော် စစ်ကိုင်းတိုင်း ဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင် အနေဖြင့် ဦးတင်မြင့်ကိုယ်စား လေးစားစွာ ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ လသာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်က ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံကြီးမှာ ဆေးစစ်ခံဖို့မနေ့က သွားရောက်နေရသဖြင့် ဒီနေ့ စက်တင်ဘာလ ၂၃ ရက်နေ့ (သောကြာနေ့)ကို ခွင့်တစ်ရက် သတ်မှတ်ပေးပါရန် ဦးကြည်မြင့်ကိုယ်စား သယ်န်းကျွန်းမဲဆန္ဒနယ်မှ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းညွန့်မှ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်(မိုးမိတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်သည် ဧည့်ရိပ်သာရှိ ဆရာဝန်၏ ညွှန်ကြားချက်အရ ပြန်လည်ဆေးစစ်ခံရန်အတွက် ယနေ့ ၂၃-၉-၂၀၁၁ ရက်နေ့ကို ခွင့်အဖြစ်ခွင့်ပြုပေးပါရန် ရှမ်းပြည်နယ်၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်မှ ဦးခင်မောင်မြင့်ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးအောင်ကျော်စိုး(နတ်မောက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်စိုးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ အောင်လံမဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွန်းဟာ လွှတ်တော်ရဲ့လုပ်ငန်းများကို လွှတ်တော်ပြင်ပမှာဆောင်ရွက် ရမှာ ဖြစ်တဲ့အတွက် ဒီနေ့ ၂၃-၉-၂၀၁၁ ရက်နေ့ကို ခွင့်တစ်ရက်သတ်မှတ်ပေးပါရန် ဦးကိုကိုထွန်းရဲ့ ကိုယ်စားလေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ တောင်သာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းဟာ ကျန်းမာရေးအရ ၂၃-၉-၂၀၁၁ ယနေ့သောကြာနေ့မှာ လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် လေးစားစွာခွင့်တောင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြု

ထားသူ ၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဥ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ နေ့တစ်နေ့ဖြစ်ပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မဲဆန္ဒနယ်က ဦးစိုင်းဘိုးအောင် ဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ လူဝင်မှုကြီးကြပ်ရေးနဲ့ပြည်သူ့အင်အားဝန်ကြီးဌာနကနေ ဆောင်ရွက်ပေးနေတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဖြေလျှော့ဆောင်ရွက်ပေးမှုကြောင့် ပြည်သူများ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြပါတယ်။ အခုလို ဆောင်ရွက်ပေးလျက်ရှိရာမှာ တိုင်းရင်းသားလူမျိုး အမည်စာရင်းရေးသွင်းတဲ့နေရာမှာ မျိုးနွယ်စုတစ်မျိုးချင်းရဲ့ နေထိုင်ရာနယ်မြေဒေသ စကားပြောသံ၊ လေယူလေသိမ်းနဲ့ ရိုးရာဓလေ့ခံယူကျင့်သုံးမှုများ အနည်းငယ်ကွဲပြားမှုစသည်တို့ကြောင့် တိုင်းရင်းသားမျိုးနွယ်စုတစ်စုတည်းပင်ဖြစ်သော်လည်း ကွဲပြားသောလူမျိုးနာမည်များ ရေးသွင်းနေတာကိုတွေ့ကြရပါတယ်။ သာဓကအနေနဲ့တင်ပြရမယ်ဆိုရင် ရှမ်းလူမျိုးကိုရှမ်းလို့ တစ်လုံးတည်းဖော်ပြရင်ရနိုင်ပေမယ့် ရှမ်းကြီး၊ မောရှမ်း၊ ရှမ်းတရုတ်၊ လိုက်လျှန်(ခ)ရှမ်းနီ၊ ရှမ်းဗမာ၊ ကုန်ရှမ်း၊ လုရှမ်း၊ ခန္တီး စသည်ဖြင့်လည်းကောင်း၊ ကချင်လူမျိုးဆိုရင်လည်း ဂျိန်းဖော၊ မရူ၊ မစီး၊ လဝမ်၊ လချိတ်၊ လဝေါ်စသည်ဖြင့်

လည်းကောင်း၊ ကရင်လူမျိုးဆိုရင်လည်း စကောကရင်၊ ပိုးကရင်စသည်ဖြင့် ချင်းလူမျိုးဆိုရင်လည်း ဟူမီးချင်း၊ ဇိုမီးချင်းစသည်ဖြင့် ရေးသွင်းမှုများရှိနေတာကို မြင်တွေ့ကြားသိနေရပါတယ်။ ကတ်ပြား လုပ်ပေးတဲ့သူ ဝန်ထမ်းတွေရဲ့ အမှတ်မထင်ရေးဖြည့်မှု၊ တိကျတဲ့ညွှန်ကြားချက်မရှိမှုတို့ကြောင့် တချို့ လူမျိုးနာမည်တွေဟာ နားလည်မှုလွဲမှားစရာ ဖြစ်လာပါတယ်။ ဥပမာအနေနဲ့ ပြရမယ်ဆိုရင် ၁၉၈၉ ခုနှစ် တုန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား စတင်လဲလှယ်လုပ်ပေးစဥ်အခါမှာ လုပ်အားပေးသူက ရှမ်း-တရုတ် လူမျိုးလို့ လူမျိုးနာမည်ရေးသွင်းခံရတဲ့ပုဂ္ဂိုလ်ဟာ ရှမ်းလူမျိုးတွေ အခေါ်အရ အထက်ပိုင်းမှာနေတဲ့ ရှမ်းဖြစ်တဲ့ တိုင်းတွေအခေါ် မိမိတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ ဌာနေနိုင်ငံသားစစ်စစ်ဖြစ်ပါရဲ့နဲ့ နိုင်ငံခြားသားကတ်ပြားဖြင့် သားစဥ်မြေးဆက်ယုံမှားသံသယဖြစ်ခြင်းခံရတာကို တွေ့မြင်ရပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းနှစ်ခုကို သက်ဆိုင်ရာမှဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းနှစ်ခုကတော့ (၁) နိုင်ငံသားစိစစ်ရေးကတ်ပြားများရဲ့ လူမျိုးအမည် ရေးသွင်းရာ မှာ တိုင်းရင်းသားလူမျိုးအမည် ရေးသွင်းရန်အတွက် တိကျမှန်ကန်သော ညွှန်ကြားချက်များကို ဝန်ကြီးဌာန ကထုတ်ပြန်ပေးထားခြင်း ရှိ၊ မရှိ။ မရှိသေးပါက ထုတ်ပြန်ပေးနိုင်ခြင်း ရှိ၊မရှိနှင့် (၂) မျိုးနွယ်စုတူညီသော တိုင်းရင်းသားများအား မျိုးနွယ်စုငယ်နာမည်များ ခွဲခြားရေးသားထည့်သွင်းခြင်းအစား မျိုးနွယ်စုရင်းနာမည် ကိုသာရေးသွင်းစေနိုင်ရန် သတ်မှတ်ညွှန်ကြားဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊မရှိ သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကဖြေကြားရန် ဖြစ်ပါတယ်။ ဒီမှာ ကြုံတုန်းပဲ သက်ဆိုင်ရာဝန်ကြီးများရှိတဲ့အတွက် အခု မိမိပြောတဲ့ စကားကို နောက်ကနေပြီးတော့ ကောင်းကောင်း မကြားရလို့ နားကြပ်တပ်ပြီး နားထောင်ရတာရှိသလို မူလအစီအစဥ်တုန်းကတော့ တင်ပြတဲ့လူ စတင်ပြ လိုက်တာနဲ့ သူ့ရဲ့အရုပ်ဟာ Screen မှာ တစ်ခါတည်းပေါ်ဖို့ စနစ်စပြီးတော့ လုပ်ခဲ့ပေမယ့် ဒီနေ့မှာတော့ အဲဒီလို မရသေးဘူးလို့ သက်ဆိုင်ရာကတင်ပြပါတယ်။ ဒါကြောင့်မို့လို့ ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ညှိနှိုင်းပြီးတော့ မူလ မိမိတို့ရည်မှန်းထားတဲ့အတိုင်း ဖြစ်မြောက်အောင် စိစစ်ပြီးတော့ ဆောင်ရွက်ပေးစေလိုပါတယ်။ ဆက်လက်ပြီးတင်ပြပါ။

**ဦးခင်ရီ(ပြည်ထောင်စုဝန်ကြီး၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။လေးစားအပ် ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ မူဆယ်မဲ ဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်ရဲ့ မေးမြန်းချက်နဲ့ပတ်သက်ပြီး ကျွန်တော်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်းများနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါကြောင်းနဲ့ နောက်တစ်ခုက မေးခွန်းရှင် ကိုယ်စားလှယ်ကြီးက ကျွန်တော်တို့ ဆောင်ရွက်ပေးနေတဲ့ ဖြေလျှော့တဲ့စနစ်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနေမှုကြောင့်ပြည်သူများ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိနေပါတယ်လို့ အသိအမှတ်ပြု သတင်းပေးပြောကြားခဲ့တဲ့အတွက်လည်း ကျွန်တော်တို့က ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားလိုပါတယ်။ မေးခွန်းရှင်ရဲ့ မေးမြန်းချက်မှာ အချက် နှစ်ချက်ပါရှိပါတယ်။ပထမမေးမြန်းချက်မှာ ဝန်ထမ်းများရဲ့ အမှတ်မထင် ရေးသွင်းမှုကြောင့် အချို့သော လူမျိုးအမည် နားလည်မှု လွဲမှားစရာ ဖြစ်လာပါကြောင်း၊ ဒါ့ကြောင့် နိုင်ငံသား စိစစ်ရေးကတ်ပြားရဲ့ တိုင်းရင်းသားလူမျိုးအမည်များ ရေးသွင်းရာမှာ တိကျမှန်ကန်တဲ့ ညွှန်ကြားချက်တွေ ထုတ်ပြန်ထားရှိခြင်း ရှိ၊ မရှိဆိုတဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး လိုရင်းကို ဖြေကြားရရင် ဝန်ကြီးဌာနမှာ လူမျိုးအမည်ရေးသွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့ ညွှန်ကြားချက်များ စနစ်တကျ ထုတ်ပြန်ထားရှိပါကြောင်းနဲ့ အဲဒါတွေနဲ့အညီ လိုက်နာဆောင်ရွက်လျက်ရှိနေပါကြောင်း ဖြေကြားလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မေးမြန်းချက်ထဲမှာ ဥပမာပေးဖော်ပြထားတဲ့ ဖြစ်စဉ်အကြောင်းအရာများကို ရှင်းမပြမီ လူမျိုးအမည်ရေးသွင်းရမယ့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနဲ့ပတ်သက်လို့ ကနဦး အနည်းငယ်ရှင်းပြလိုပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုတာဟာ ကိုင်ဆောင်ထားခွင့်ရသူအတွက် နိုင်ငံသားအရည်အချင်း ပြည့်မီသူ ဒါမှမဟုတ် နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းကို အသိအမှတ်ပြုထားတဲ့ အထောက်အထားတစ်ခု ဖြစ်နေတာကြောင့် ကာယကံရှင်အတွက် အလွန်အရေးကြီးသလို သက်ဆိုင်ရာကာယကံရှင်ရဲ့ ဘဝတစ်လျှောက်လုံးမှာ အထောက်အထားတစ်ခုအဖြစ် မှတ်တမ်းတင်သိမ်းဆည်းထားရတာဖြစ်လို့ ကျွန်တော်တို့ ဌာနအတွက်ကလည်း အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် ရေးသွင်းရတဲ့ အချက်အလက်များဟာ မှန်ကန်တိကျဖို့၊ အငြင်းပွားဖွယ်ရာမဖြစ်ဖို့ လိုအပ်ကြောင်းကို ပြောကြားလိုပါတယ်။ ဒါ့ကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်မှာ ရေးသွင်းပေးရတဲ့ အချက်အလက်များဟာ ကာယကံရှင်အတွက် ခိုင်မာတဲ့ အထောက်အထားဖြစ်အောင် ရေးသွင်းခံရသူ ကာယကံရှင်ရဲ့ တရားဝင်ပြောဆိုချက်ကိုသာ အခြေခံပြီး ရေးသွင်းရခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ပြောဆိုချက်အတိုင်း ရေးသားရတယ်ဆိုသော်လည်းပဲ ပြောဆိုချက်များဟာ အထောက်အထားများအရ လွဲမှားပြောဆိုနေတယ်ဆိုရင်တော့ အမှန်ကို စိစစ်ထောက်ပြပြီး ကာယကံရှင်ရဲ့ အမှန်ပြောကြားချက်

ကိုသာ မိမိတို့က ရေးသွင်းနည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးသွင်းပေးရခြင်းသာဖြစ်ပါတယ်။ ဒါကို ဥပမာအနေနဲ့ နည်းနည်းရှင်းပြရရင် မျိုးရိုးစဉ်ဆက်ဇယားမှာ အဘိုး၊ အဘွား၊ အဖေ၊ အမေ စသည်တို့ဟာ ရှမ်းလူမျိုးဖြစ်ကြောင်းရေးသွင်းထားပြီးမှ ကာယကံရှင်က သူ့ကိုသူ ရှမ်း-တရုတ်လူမျိုးလို့ ပြောနေမယ်ဆိုရင် ဒီပြောဆိုချက်က မှန်ကန်မှုမရှိနိုင်လို့ ပြန်လည်စိစစ်စေပြီးမှ ကာယကံရှင် ကိုယ်တိုင်က ရှမ်းလူမျိုးဖြစ်ပါတယ်လို့ အမှန်ပြင်ဆင်ပြောကြားခြင်းကိုသာ တရားဝင်ရေးသားဖော်ပြရတာမျိုးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခုဆက်ပြီး ရှင်းပြလိုတဲ့အချက်က နိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်မှာ အချက်အလက်များရေးသွင်းခြင်းနဲ့ ထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ကျွန်တော်အကြမ်းဖျင်းတင်ပြလိုပါတယ်။ ကနဦးအဆင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဖြစ်လာအောင် ကာယကံရှင်ရဲ့ ကိုယ်ရေးမှတ်တမ်းပုံစံနိုင်(၂)၊ အများအခေါ်ကတော့ မျိုးရိုးစဉ်ဆက်ဇယားဆိုတာကို စပြီးဖြည့်ရပါတယ်။ အဲ့ဒီမှာ စောစောကပြောခဲ့တဲ့အတိုင်း ကာယကံရှင်ရဲ့ ပြောကြားချက်ကိုအခြေခံပြီး စိစစ်ချက်အရမှန်ကန်ရင် စတင်ရေးသွင်းရပါတယ်။ အဲ့ဒါကို ကာယကံရှင်ကမှန်ကန်ကြောင်းလက်မှတ်ထိုးရပါတယ်။ လက်ဗွေနှိပ်ရပါတယ်။ အဲ့ဒါက ပထမအဆင့်ပါ။ အဲဒီနောက် ဇယားပါဖြည့်စွက်ထားချက်များအတိုင်းကိုပဲ နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ ထပ်မံကူးယူရေးသွင်းရပါတယ်။ အဲ့ဒါက ဒုတိယအဆင့်ဖြစ်ပါတယ်။ အဲ့ဒီနောက် ကာယကံရှင်က သူ့ရဲ့ပြောဆိုချက်အတိုင်း ရေးသွင်းထားခြင်းများ မှန်ကန်ကြောင်း၊ အတည်ပြုပြီးမှသာ ကာယကံရှင်ကိုယ်တိုင် အဲဒီနိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်မှာ လက်မှတ်ထိုး၊ လက်ဗွေနှိပ်ပြီး ကတ်ပြားကိုထုတ်ပေးရတာဖြစ်ပါတယ်။ အဲ့ဒါက တတိယအဆင့်ပါ။ အဲဒီနောက် တစ်ဦးချင်းစီက ကိုယ်တိုင်ကြိုတင်ရေးသွင်းထားတဲ့ မူလသက်သေခံဖြစ်သော နိုင်(၂)လို့ခေါ်တဲ့ ကိုယ်ရေးနောက်ကြောင်းပုံစံတွေကို ကျွန်တော်တို့ရဲ့ပုံစံမှတ်တမ်းခန်းမှာ ထာဝစဉ်မပျောက်ပျက်ရအောင် ထိန်းသိမ်းထားရပြီး ကာယကံရှင်တွေအတွက် လိုသမျှကိုရာသက်ပန်အထောက်အထားအနေနဲ့ အသုံးပြုရတာဖြစ်ပါတယ်။ အဲ့ဒါက စတုတ္ထအဆင့်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော်မှာ မြန်မာနိုင်ငံသားဥပဒေကို ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းတွေကို ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါ တယ်။ နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းတွေအရ သတ်မှတ်ပေးထားတဲ့ နိုင်ငံသားရဲ့ကိုယ်ရေးမှတ်တမ်း နိုင်(၂) ပုံစံမှာရေးသွင်းရမယ့် အကြောင်းအရာများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ ဖြည့်သွင်းရမယ့်အကြောင်း

အရာရေးသားနည်း၊ ဘယ်နည်းဘယ်ပုံပြုစုရေးသားရမယ်စတဲ့စနစ်တွေကို ၁၉၈၅ ခုနှစ် ကတည်းက စနစ်တကျပြုစုညွှန်ကြားထားပြီးဖြစ်သလို ကျွန်တော်တို့လက်ရှိလည်း လိုက်နာဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒီဝန်ကြီးဌာနက လူမျိုးအမည်ရေးသွင်းမယ်ဆိုရင် ရေးသွင်းနည်းဆိုင်ရာညွှန်ကြားချက်တွေအရ လုပ်ရတဲ့စနစ်တွေအနေနဲ့ နံပါတ်(၁)က မှတ်ပုံတင်သူရဲ့လူမျိုးကို အတိအကျရေးသားဖော်ပြရပါတယ်။ နံပါတ်(၂)က ကပြားဖြစ်နေမယ်ဆိုရင် ဖခင်လူမျိုးကို ရှေ့ကထားပြီး မိခင်လူမျိုးအမည်ကို နောက်ကထားပြီး ယှဉ်တွဲဖော်ပြရပါတယ်။ နံပါတ်(၃)က မိခင်နဲ့ဖခင်နှစ်ဦးလုံးကပြားဖြစ်နေမယ်ဆိုရင်လည်း အထက်က ကျွန်တော်ပြောခဲ့တဲ့နည်းအတိုင်းပဲရေးသားရပါတယ်။ နံပါတ်(၄) အနေနဲ့ တိတိကျကျကွဲပြားစွာဖော်ပြလို့ ခက်ခဲနေတဲ့ လူတွေရဲ့လူမျိုးအမည်ရေးသွင်းရာမှာ ဖခင်ရဲ့လူမျိုးအမည်ကိုသာရေးသွင်းရပါတယ်။ နံပါတ်(၅)အနေနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ယူရန် လျှောက်ထားသူလျှောက်လွှာရှင်များရဲ့ တရားဝင် ပြောဆိုချက်ကိုသာ မှန်၊ မမှန် စိစစ်ပြီး မှတ်တမ်းတင်ရေးသွင်းရပါတယ်လို့ အတိအလင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ရေးသွင်းနည်းဥပမာအနေနဲ့ တင်ပြရရင် ဖခင်ကရှမ်းလူမျိုး၊ မိခင်ကတရုတ်လူမျိုး ဖြစ်မယ်ဆိုရင် သားသမီးဖြစ်သူကလည်း သူ့ရဲ့လူမျိုးကို ရှမ်း-တရုတ်လို့ ကိုယ်တိုင်လည်းပြောမယ်ဆိုရင် စိစစ်ချက်အရ မှန်နေတာဖြစ်လို့ ပြောဆိုချက်အတိုင်းရေးသားရပါတယ်။ ပြင်ဆင်ရေးသားလို့မရပါ။ တစ်ခါ အချို့မှာ လူမျိုးအမည်ကို ကာယကံရှင်ကိုယ်တိုင်က လချိဒ်လို့ ပြောဆိုနေတာကို မေးခွန်းရှင်တင်ပြသလို မျိုးနွယ်စုရင်းအမည်ကို သတ်မှတ်ထားတဲ့ ကချင်လူမျိုးလို့ ရေးသားသုံးနှုန်းဖို့ ကာယကံရှင်က ညှိနှိုင်းလို့မရ၊ ခွင့်မပြုဘူးဆိုရင် ပြောင်းလဲရေးသားလို့မရနိုင်ပါဘူး။ တစ်ခါ ကရင်လူမျိုးပြောသူကို ချင်းလူမျိုးဟု ပြောင်းလဲရေးသားလို့မရသလို လဝေါ်လူမျိုးလို့ပြောသူကို ဂျိန်းဖောလူမျိုး၊ ကချင်လူမျိုး စသည်ဖြင့် မိမိသဘောနဲ့ ပြင်ဆင်ရေးသား၍မရပါကြောင်းနဲ့ ကာယကံရှင်ကလည်း သူသဘောမတူဘဲ အတည်ပြု လက်မှတ်ထိုးခြင်း၊ လက်ဗွေနှိပ်ခြင်းတွေမလုပ်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။ သို့ရာတွင် ဒီနေရာမှာ တစ်ခု ကျွန်တော်အသိပေးတင်ပြလိုတဲ့အချက်က ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၃ မှာ နိုင်ငံတော်တွင်ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြစ်သည်ဟု ဖော်ပြထားပါသဖြင့် နိုင်ငံသားဟူသော သတ်မှတ်ချက်မှာ ဖော်ပြပါတိုင်းရင်းသားများရော၊ မျိုးနွယ်စုတစ်ခုလုံး အတွက်ပါ အကျုံးဝင်နေပြီ ဖြစ်ပါကြောင်းအသိပေးတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒါကြောင့် နိုင်ငံသား စိစစ်ရေးကတ်ပြားမှာ လူမျိုးအမည်ရေးသွင်းခြင်းဟာ ရေးသွင်းသူက မိမိသဘောနဲ့ စတင်ရေးသား၍ ရနိုင်ခြင်းမျိုးမဟုတ်ပါ။ ကာယကံရှင်ရဲ့ တရားဝင်ပြောဆိုချက်ကိုသာ ရှေ့နောက်ညီညွတ်မှန်ကန်မယ် ဆိုရင် ရေးသွင်းသူက ရေးသွင်းပေးရတာ ဖြစ်တဲ့အတွက် တကယ်တော့ မေးခွန်းရှင်ပြောကြားခဲ့သလို ကာယကံရှင်တွေဘက်က ရေးသွင်းခံနေရပါတယ်ဟု ပြောရမှာထက် ကတ်ပြားရေးသွင်းပေးရသူတွေက ကာယကံရှင်တွေရဲ့ ပြောဆိုချက်အတိုင်းသာ လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးသွင်းပေးရခြင်းသာ ဖြစ်ပါတယ်လို့ ပြောရမှာဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခု ကျွန်တော် အထက်ကရှည်လျားစွာ ရှင်းပြနေတဲ့ အချက်တွေဟာ လူမျိုးအမည်ရေးသွင်းခြင်းနဲ့ပတ်သက်လို့စနစ်တကျ လုပ်ထုံးလုပ်နည်းတွေ၊ ညွှန်ကြားချက်တွေ ဤဝန်ကြီးဌာနမှာရှိနေပါကြောင်း အဲဒီအတိုင်းဆောင်ရွက် နေပါတယ်လို့ အထောက်အထားတစ်ရပ်အနေနဲ့ ပြောဆိုခြင်းမျှသာဖြစ်ပါတယ်။ ဒီဘက်ကမမှားဘူး။ ဟိုဘက်ကမှားပါတယ်ဆိုပြီး ငြင်းခုံပြောဆိုလိုခြင်းမဟုတ်ပါ။ ဒါ့ကြောင့် တကယ့်လက်တွေ့မှာ ကာယကံရှင် ဘက်က လူမျိုးအမည်ရေးသွင်းခြင်းအပါအဝင်တစ်ခုခုမှာ အကြောင်းတစ်ခုခုကြောင့် အမှန်တကယ် မှားယွင်းနေလို့ နစ်နာချက်တွေရှိနေပါတယ်ဆိုရင် ပြင်ဆင်လို့ရပါကြောင်းနဲ့ ကျွန်တော်တို့ဌာနက ပြင်ဆင် ပေးဖို့လည်းအသင့်ရှိပါကြောင်း ပြောကြားလိုပါတယ်။ လိုအပ်လို့ပြင်ဆင်ချင်တယ်ဆိုရင် သက်ဆိုင်ရာ မြို့နယ်ရုံးတွေနဲ့ဆက်သွယ်ပြီး ပြင်ဆင်လျှောက်ထားရမယ့် အချက်အလက်အထောက်အထားများအတိုင်း တင်ပြလျှောက်ထားပြင်ဆင်နိုင်ခွင့်ရှိပြီးမှန်ကန်ပါကပြင်ဆင်ပေးရန်အသင့်ရှိကြောင်းလည်းတင်ပြလိုပါတယ်။ ဘယ်သူဘယ်ဝါ ဘယ်နေရာမှာ မှားယွင်းနေကြောင်း တိကျစွာဖော်ပြနိုင်ရင် ပိုမိုလွယ်ကူလျင်မြန်မှာ ဖြစ်ပါတယ်။ လိုအပ်ချက်တွေအပေါ် ဆက်သွယ်နိုင်ဖို့ တယ်လီဖုန်း၊ Fax ၊ Website နံပါတ်များ၊ လက်ကမ်းစာစောင်များလည်း စဥ်ဆက်မပြတ်ထုတ်လွှင့်ထားပြီးဖြစ်သလို ဝန်ထမ်းများကွင်းဆင်းဆောင်ရွက် နေချိန်လည်းဖြစ်လို့ အဆင်ပြေမြန်ဆန်နိုင်မှာဖြစ်ပြီး ကျွန်တော်တို့ဘက်က ပူးပေါင်းဆောင်ရွက်ပေးဖို့ အသင့်ရှိပါကြောင်း ထပ်လောင်းအသိပေးပြောကြားလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒုတိယမေးခွန်းအနေနဲ့ မျိုးနွယ်စုတူညီတဲ့ တိုင်းရင်းသားများကို မျိုးနွယ်စုငယ်အမည်များ ကွဲပြားရေးသားနေခြင်းအစား မျိုးနွယ်စုရင်း အမည်ကိုပဲရေးသွင်းဖို့ သတ်မှတ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိဆိုတဲ့ မေးမြန်း

ချက်ဖြစ်ပါတယ်။ ဒီမေးခွန်းဟာလည်း ပထမမေးခွန်းရဲ့ အဖြေမျိုးနဲ့ ဆက်စပ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတော်မှာ ၁၉၈၃ ခုနှစ်က ကောက်ယူခဲ့တဲ့ ပြည်လုံးကျွတ် သန်းခေါင်စာရင်းမှာ အသုံးပြုခဲ့တဲ့ တိုင်းရင်းသားလူမျိုးစာရင်းအရ နိုင်ငံတော်အတွင်းမှာ ကချင်စု၊ ကယားစု၊ ကရင်စု၊ ချင်းစု၊ ဗမာစု၊ မွန်စု၊ ရခိုင်စု၊ ရှမ်းစု စသည်ဖြင့် စုစုပေါင်းမျိုးနွယ်စုငယ် ၁၀၀ ကျော်ခန့် ရှိပါကြောင်းတွေ့ရှိရပါတယ်။ ဒါ့ကြောင့် အိမ်ထောင်စုဝင်လူဦးရေစာရင်းတွေ ကောက်ယူမှတ်တမ်းတင်ရာမှာပဲဖြစ်ဖြစ်၊ နိုင်ငံသားလုပ်ငန်းတွေ ဆောင်ရွက်ရာမှာပဲဖြစ်ဖြစ်၊ သန်းခေါင်စာရင်းများ၊ စစ်တမ်းများ ကောက်ယူရာမှာပဲဖြစ်ဖြစ် ကာယကံရှင်များ ကိုယ်တိုင်က သူတို့ရဲ့မျိုးနွယ်ခဲ့အမည်ကိုပဲ ဖော်ပြရေးသားပေးဖို့တောင်းဆိုမယ်။ တောင်းဆိုချက်အတိုင်း တိုင်းရင်းသားလူမျိုး မျိုးနွယ်ခဲ့စာရင်းမှာလည်း အမှန်တကယ်ပါဝင်နေမယ်ဆိုရင်တော့ သူတို့ဆန္ဒနှင့် အညီသာ သူတို့ပြောတဲ့လူမျိုးအမည်ကို ရေးသွင်းဆောင်ရွက်ပေးရတဲ့ လုပ်ထုံးလုပ်နည်းရှိပါတယ်။ ဒါ့ကြောင့် မေးမြန်းသူဖော်ပြထားတဲ့ မျိုးနွယ်စုတူညီတဲ့ တိုင်းရင်းသားများအားလုံးကို မျိုးနွယ်စုငယ် အမည်တွေခွဲခြားရေးသွင်းမည့်အစား မျိုးနွယ်စုရင်းအမည်ကိုသာ ရေးသွင်းရေးသတ်မှတ်ဆောင်ရွက် ပေးဖို့ဆိုတဲ့ တောင်းဆိုချက်မှာ သက်ဆိုင်တဲ့ ကာယကံရှင်တစ်ဦးချင်းရဲ့ ဆန္ဒတွေနဲ့ အဲဒီလိုလူတွေအားလုံးရဲ့ သဘောတူညီမှုတွေအမှန်တကယ်လိုအပ်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စောစောက ကျွန်တော် တင်ပြခဲ့သလို လုပ်ထုံးလုပ်နည်းအရ မိမိဝန်ထမ်းများရဲ့ ရေးသွင်းမှုဟာ မိမိသဘောဆန္ဒအလျောက် ခေါင်းထဲ ပေါ်လာတာကိုမှန်းပြီး ရေးသွင်းလို့ရတာမျိုးမဟုတ်ဘဲ ကာယကံရှင်ရဲ့ ပြောဆိုချက်အရသာ ရေးသွင်း ရတာဖြစ်တဲ့အတွက် သက်ဆိုင်တဲ့ကာယကံရှင်အားလုံးက သူတို့ရဲ့ လူမျိုးအမည်ရေးတဲ့အခါမှာ လူမျိုးစုရင်း အမည်ကိုပဲသုံးပါဆိုတဲ့ တူညီတဲ့ဆန္ဒနှင့်တူညီတဲ့သဘောတူညီချက် ရရှိမယ်ဆိုမှသာလျှင် တင်ပြဆုံးဖြတ် ခြင်းနဲ့ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်မျိုးဖြစ်နေပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးအေးမြင့်၊ အင်းစိန်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမြင့်(အင်းစိန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ကျွန်တော့်အနေနဲ့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ကျွန်တော်တို့

နိုင်ငံကြီးကို ချမ်းသာကြွယ်ဝတဲ့နိုင်ငံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ အလုပ်အကိုင်ပေါများပြီး လူတစ်ဦးချင်းရဲ့ဝင်ငွေတိုးပွားတဲ့ နိုင်ငံကြီးဖြစ်ရအောင် စက်မှုနိုင်ငံကြီးကို ထူထောင်ရမယ်လို့ ၂၀-၃-၂၀၁၁ နေ့က မိန့်ကြားခဲ့ပါတယ်။ ဒီလိုစက်မှုနိုင်ငံကြီးထူထောင်ဖို့ဆိုတာ ကျွန်တော်တို့ ဒီသိပ္ပံနှင့်နည်းပညာကဏ္ဍရဲ့ ကူညီပံ့ပိုးမှုများစွာ လိုအပ်မှာပဲဖြစ်ပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ နည်းပညာပိုင်းတွေနဲ့ ပတ်သက်ပြီးတော့ တီထွင်မှု၊ ကြံဆမှု၊ ပံ့ပိုးပေးမှုပေးခြင်းဟာ စက်မှုနိုင်ငံကြီးထူထောင်ဖို့အတွက်ကို များစွာအထောက်အကူပြုပြီး အောင်မြင်မယ်လို့ ကျွန်တော့်အနေနဲ့ယူဆမိပါတယ်။ ဒါ့ကြောင့်မို့လို့ သိပ္ပံနှင့်နည်းပညာကဏ္ဍနဲ့ပတ်သက်ပြီး အောက်ဖော်ပြပါမေးခွန်းနှစ်ခုကို ကျွန်တော့်အနေနဲ့ မေးမြန်းလိုကြောင်း တင်ပြအပ်ပါတယ်။ ပထမမေးခွန်းကတော့ သိပ္ပံနှင့်နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံတော်အဆင့်စီမံကိန်းများအခြေအနေနဲ့ ဆက်လက်ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းများနှင့်ပတ်သက်၍သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ဒုတိယမေးခွန်းကတော့ မိမိနိုင်ငံတွင် နျူကလီးယားစွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် အခြားနျူကလီးယားပိုင်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အကူအညီရယူဆောင်ရွက်လျက်ရှိကြောင်း စွပ်စွဲပြောဆိုမှုများကိုသာ ကြားသိလျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း မှန်၊ မမှန်သိရှိလိုကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦးမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးလွင်ဦး(သန်လျင်မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ် အပေါင်းကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စေကြောင်း ဆုတောင်းရင်းနဲ့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သုတေသနလုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ မေးခွန်းတစ်ခု မေးမြန်းလိုပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတိုင်းသည် တက္ကသိုလ်များ၊ သိပ္ပံကျောင်းများသာ ထူထောင်ခြင်းမျိုးမဟုတ်ဘဲ နည်းပညာပိုင်းအလိုက် ပိုမို၍တိုးတက်မြင့်မားရန် သုတေသန သိပ္ပံကျောင်းများကို ထူထောင်ပြီးဆောင်ရွက်ကြပါတယ်။ မြန်မာနိုင်ငံတွင် လက်ရှိတက္ကသိုလ်ကျောင်းများ ထဲမှသင့်တော်သော တက္ကသိုလ်ကို သုတေသနသိပ္ပံကျောင်းအဖြစ်ပြောင်းလဲဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိနဲ့

ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရှိလို၍ တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးအေးမြင့် (ပြည်ထောင်စုဝန်ကြီး၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အခုအစည်းအဝေးကိုတက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဦးအေးမြင့်ပဲဖြစ်ပါတယ်။ ဒီပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်မေးမြန်းထားတဲ့ သိပ္ပံနဲ့နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံတော်အဆင့်စီမံကိန်းများ အခြေအနေနဲ့ ဆက်လက်ဆောင်ရွက်ဖို့လျာထားတဲ့ စီမံကိန်းများနဲ့ပတ်သက်ပြီးသိရှိလိုပါကြောင်း မေးခွန်းနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦးမေးထားတဲ့ နိုင်ငံတိုင်းဟာ တက္ကသိုလ်များ၊ သိပ္ပံကျောင်းများစွာ ထူထောင်ခြင်းမျိုးမဟုတ်ဘဲနဲ့ နည်းပညာပိုင်းဆိုင်ရာ ပိုမိုတိုးတက်မြင့်မားစေဖို့ သုတေသနသိပ္ပံကျောင်း Research Institute များကိုထူထောင်ပြီး ဆောင်ရွက် ကြပါတယ်။ မြန်မာနိုင်ငံမှာလက်ရှိတက္ကသိုလ်များထဲက သင့်တော်တဲ့တက္ကသိုလ်ကို သုတေသနသိပ္ပံကျောင်း အဖြစ်ပြောင်းလဲဖွင့်လှစ်ဖို့ အစီအစဉ်ရှိ၊မရှိနဲ့ ရှိပါကမည်သည့်အချိန်မှာ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပေးဖို့မေးထားတဲ့ မေးခွန်းတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနအနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့အင်းစိန်မဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်ကပဲမေးထားတဲ့ မိမိနိုင်ငံမှာ ဈူကလီးယားစွမ်းအင်ထုတ်လုပ်နိုင်ဖို့ အတွက် အခြားဈူကလီးယားပိုင်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အကူအညီရယူဆောင်ရွက်လျက်ရှိကြောင်း စွပ်စွဲပြောဆိုမှုအချို့ကိုကြားသိရပါသဖြင့် ၎င်းကိစ္စနဲ့စပ်လျဉ်း၍သိရှိလိုပါကြောင်း မေးမြန်းထားတဲ့ မေးခွန်း တွေရှိပါတယ်။ သို့သော်မနေ့က ကျွန်တော့်ဆီပို့တဲ့ ပြည်သူ့လွှတ်တော်ရဲ့စာမှာ ဒီဈူကလီးယားကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒီနေ့ဖြေကြားဖို့မပါတဲ့အတွက် ကျွန်တော်ဒီနေ့ ဒီဟာကို ထည့်ပြီးတော့ဖြေရမလား။ သို့မဟုတ်ရင်လည်း နောက်အစီအစဉ်မှပဲ ဖြေရမလားဆိုတာလည်း ကျွန်တော်သိရှိချင်ပါတယ်။ ဖြေဆိုလည်း ကျွန်တော်လက်ရှိဖြေနိုင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ဖြေနိုင်ရင်တစ်ခါတည်း ဖြေသွားပါ။

**ဦးအေးမြင့် (ပြည်ထောင်စုဝန်ကြီး၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)** ။ ။ ဟုတ်ကဲ့ခင်ဗျား။ ဒါဆို ကျွန်တော်အင်းစိန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်မေးတဲ့ မေးခွန်းနှစ်ခုကို တစ်ပြိုင်တည်းကျွန်တော်ဖြေသွားပါမယ်။ ပြီးတော့မှ ဦးလွင်ဦးမေးတဲ့မေးခွန်းကို ဆက်ဖြေပါမယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်မေးထားတဲ့ မေးခွန်းဖြစ်တဲ့ သိပ္ပံနဲ့နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိတဲ့ နိုင်ငံတော်အဆင့်စီမံကိန်းများအခြေအနေနဲ့ ဆက်လက်ဆောင်ရွက်ဖို့လျာထားတဲ့ စီမံကိန်းနဲ့ ပတ်သက်ပြီးတော့သိရှိလိုပါကြောင်း မေးမြန်းတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ သုတေသနလုပ်ငန်းတွေကို အောင်မြင်စွာဆောင်ရွက်နိုင်ဖို့နဲ့ အထူးပြုပညာရပ်ဆိုင်ရာလူ့စွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သုတေသနဦးစီးဌာန ၆ ခုကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ ဒီသုတေသနဦးစီးဌာနတွေကတော့ မြန်မာ့သိပ္ပံနဲ့နည်းပညာသုတေသနဦးစီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံနဲ့ ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန၊ နည်းပညာသုတေသနဦးစီးဌာန၊ ဇီဝနည်းပညာဆိုတဲ့ ( Bio Technology ) သုတေသနဦးစီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ အမျိုးသားဓါတ်ခွဲခန်းတို့ဆိုပြီးတော့ သုတေသနဌာနကြီး ၆ ခုဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် သုတေသနလုပ်ငန်းတွေကို ကျွန်တော်အခုပြောခဲ့တဲ့ သုတေသနဦးစီးဌာနတွင်သာမက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်များနဲ့ ကွန်ပျူတာတက္ကသိုလ်များမှာလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဌာနတွေအနေနဲ့တက္ကသိုလ်တွေမှာ အဓိကထားဆောင်ရွက်နေတဲ့ သုတေသနလုပ်ငန်းတွေကတော့ ဇီဝနည်း ပညာသုတေသနလုပ်ငန်း၊ အင်ဂျင်ထုတ်လုပ်ရေးသုတေသနလုပ်ငန်း၊ Computerized Numerical Control ဆိုတဲ့ (CNC) Machine သုတေသနလုပ်ငန်း၊ ရေအားလျှပ်စစ်တာဘိုင်များထုတ်လုပ်ရေး သုတေသနလုပ်ငန်း၊ နာနိုနည်းပညာသုတေသနလုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ Renewable Energy သုတေသနလုပ်ငန်း၊ ဒြပ်ပစ္စည်းဆိုင်ရာသုတေသနလုပ်ငန်း၊ ချူကလီးယားပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းနဲ့ လေကြောင်းဆိုင်ရာသုတေသနလုပ်ငန်းများပဲဖြစ်ပါတယ်။ ဇီဝနည်းပညာသုတေသန လုပ်ငန်းများအနေနဲ့ဆောင်ရွက်လျက်ရှိတဲ့ ဇီဝနည်းပညာလုပ်ငန်းတွေကတော့ အပင်မျိုးပွားခြင်းနဲ့ စိုက်ပျိုး ရေးဆိုင်ရာသုတေသနလုပ်ငန်း၊ ဆေးပညာဆိုင်ရာသုတေသနလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ

သုတေသနလုပ်ငန်း၊ ဇီဝထုတ်ကုန်နဲ့ထုတ်လုပ်မှုနည်းစဥ်များဖွံ့ဖြိုးတိုးတက်ရေးသုတေသနလုပ်ငန်း၊ မော်လီကျူးလာအဆင့်ရှိမျိုးရိုးဗီဇဆိုင်ရာသုတေသနလုပ်ငန်းနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိတဲ့ ဇီဝနည်းပညာဆိုင်ရာသုတေသနလုပ်ငန်းများ အနက်က အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး လက်တွေ့အသုံးချနိုင်ပြီဖြစ်တဲ့ သုတေသနလုပ်ငန်းတွေကတော့ ရွှေဇီဝ သဘာဝဓာတ်မြေသြဇာထုတ်လုပ်ရေးလုပ်ငန်း၊ ငါးအမိုင်နိုအက်ဆစ် သဘာဝဓာတ်မြေသြဇာ ထုတ်လုပ်ရေးလုပ်ငန်း၊ သဘာဝအပင်အားတိုးဆေးရည်ဖြစ်တဲ့ ရွှေစိမ်းထုတ်လုပ်ရေးလုပ်ငန်း၊ ရွှေဆည်ရည် သဘာဝမြေသြဇာအရည်ထုတ်လုပ်ခြင်းလုပ်ငန်း၊ သဘာဝပိုးမွှားအန္တရာယ်ကာကွယ်ဆေးရည် ရွှေပိုးနှင် ထုတ်လုပ်ရေးလုပ်ငန်း၊ နို့စားနွားမျိုးမြှင့်တင်ရေးလုပ်ငန်း၊ အပင်တစ်သျှူးမျိုးပွားခြင်းလုပ်ငန်း၊ ဇီဝဓာတ်ငွေ့သုံး ကျေးရွာအိမ်သုံးလျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ Producer Gas အသုံးပြုတဲ့ Gasifier ထုတ်လုပ်ခြင်းလုပ်ငန်း၊ ရွှေပင်စွမ်းငှက်ဖျားဆေးရည်လုပ်ငန်း၊ အမြစ်ပွားဆေး နှင့် ဇီဝမှိုသတ်ဆေးလုပ်ငန်း၊ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း၊ သက်တမ်းတို စပါးမျိုးသစ်ထုတ်လုပ်ခြင်းလုပ်ငန်းစတာတွေပဲ ဖြစ်ပါတယ်။ ဒီသုတေသနလုပ်ငန်းတွေထဲက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အောင်မြင်မှုရရှိနေတဲ့ သုတေသနရလဒ်များအနေနဲ့ မြေဆီလွှာပျက်စီးခြင်းကို ကာကွယ်ပေးခြင်းနဲ့ ပျက်စီးနေတဲ့ မြေဆီလွှာတွေကို ပြုပြင်ပေးနိုင်တဲ့နည်းပညာတွေကို ကျွန်တော်တို့ဖော်ထုတ်နိုင်ခဲ့တဲ့အပြင် ဓာတုဓာတ်ကြွင်းမြေသြဇာနဲ့ ပိုးသတ်ဆေးတွေမကျန်နိုင်တဲ့ Organic Farming အတွက်အသုံးကျတဲ့ ဇီဝမြေသြဇာအမျိုးမျိုး၊ အော်ဂဲနစ်အပင်အကျိုးပြုအားဖြည့်ဆေးရည်များနဲ့ ဇီဝပိုးနှင်ဆေးတွေကို ထုတ်လုပ်ပြီးတော့ ချိုသာသော ဈေးနှုန်းနဲ့တောင်သူများထံ ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ ဇီဝမြေသြဇာကိုအသုံးပြုတဲ့ အတွက်ဓာတုမြေသြဇာ ၃၅ ရာခိုင်နှုန်းလောက်ကို လျှော့ပြီးသုံးလာနိုင်လို့ တောင်သူလယ်သမားများအတွက် သွင်းအားစုစရိတ်သက်သာပြီးတော့ ဝင်ငွေတိုးစေနိုင်မှာဖြစ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ နိုင်ငံတော်ကိုစက်မှုနိုင်ငံအဖြစ် ကူးပြောင်းတည်ထောင်ရာမှာ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများအဆင့်မြင့်မားရေးတို့အတွက် အဓိကကျတဲ့ Computerized Numerical Control (CNC)စက်များထုတ်လုပ်နိုင်ဖို့ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ သုတေသနလုပ်ငန်းတွေထဲက 2-Axis CNC Lathe Machine ၏အဓိက စက်အစိတ်အပိုင်း ၆ ခုနဲ့ 3-Axis CNC Milling Machine ရဲ့ အဓိကစက်အစိတ်အပိုင်း ၅ ခုကို အောင်မြင်စွာစမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် Conventional Lathe Machine တွေကို

CNC Lathe Machine များအဖြစ်သို့ ပြောင်းလဲထုတ်လုပ်ရာမှာ အဓိကလိုအပ်တဲ့ Control System တွေကိုလည်း သုတေသနပြုလုပ်ပြီး စမ်းသပ်ထုတ်လုပ်ခဲ့ရာမှာ အခုအချိန်မှာ 2-Axis CNC Lathe Machine နဲ့ 3-Axis CNC Milling Machine တို့မှာ တပ်ဆင်အသုံးပြုနိုင်တဲ့ PC Based Control System တွေကိုလည်း အောင်မြင်စွာသုတေသနပြုဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်ဂျင်ထုတ်လုပ်ရေးသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာမှာ မြင်းကောင်ရေ ၂၂ ကောင်မှ ၃၆၀ အထိ ရှိတဲ့မော်တော်ယာဥ်အင်ဂျင်ငါးမျိုး၊ မီးရထားအင်ဂျင်ဟက်တစ်မျိုး၊ လယ်ယာလုပ်ငန်းသုံးဒီဇယ်အင်ဂျင်တစ်မျိုး၊ စုစုပေါင်း အင်ဂျင်ခုနှစ်မျိုးနဲ့ ပတ်သက်တဲ့အဓိကအစိတ်အပိုင်းများကိုလည်း စမ်းသပ်သုတေသနပြုလုပ်၍ထုတ်လုပ်ပြီးတော့ သက်ဆိုင်ရာမော်တော်ယာဥ်များမှာ စမ်းသပ်သုံးစွဲနေပြီဖြစ်ပါတယ်။ စက်မှုအင်ဂျင်နီယာဘာသာရပ်နဲ့ပတ်သက်ပြီးတော့ သစ်တိုသစ်စသုံး Gasifier စနစ်မှာအသုံးပြုမည့် Internal Combustion အင်ဂျင်အတွက် ဒီဇိုင်းတွက်ချက်သုတေသနပြုလုပ်ခြင်း၊ Mini Hydropower လုပ်ငန်းအတွက် Propeller Type Turbine ဒီဇိုင်းများတွက်ချက်ခြင်းနဲ့ တည်ဆောက်ခြင်းစတဲ့ သုတေသနလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်ရေးထဲမှာအရေးပါတဲ့ ၆ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်အတွက် Inlet Diameter 860 mm နဲ့ Outlet Diameter 915 mm ရှိပြီးတော့ Blade ၁၂ ခုပါတဲ့ Francis Turbine Runner အမျိုးအစားကိုလည်း သုတေသနပြုလုပ်တည်ဆောက်ပြီး စမ်းသပ်အသုံးပြုလျက်ရှိပါတယ်။ နာနိုနည်းပညာဆိုင်ရာသုတေသနလုပ်ငန်းများအနေနဲ့ပေါ့ပါးပြီးခိုင်ခံ့တဲ့ အဆင့်မြင့်သတ္တုစပ်များ ပြုလုပ်နိုင်ဖို့အတွက် နာနိုအမှုန်များထုတ်လုပ်တဲ့နည်းစဥ်များကို သုတေသနပြုလုပ်ခြင်းနဲ့ နာနိုအမှုန်များထုတ်လုပ်ခြင်းကို သုတေသနလုပ်ငန်းတွေဆောင်ရွက်လျက်ရှိပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်တဲ့ နေရောင်ခြည်စွမ်းအင်နဲ့ လေစွမ်းအင်တွေကို အသုံးပြုပြီးတော့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် ယခင်က ပြည်ပကဝယ်ယူနေရတဲ့ Charge Controller for Solar Panel နဲ့ Charge Controller for Wind Turbine တွေကို အခုအချိန်မှာ ပြည်တွင်းမှာထုတ်လုပ်အသုံးပြုနိုင်တဲ့အဆင့်အထိ သုတေသနပြုလုပ်ထားပြီးဖြစ်ပါတယ်။

ဒြပ်ပစ္စည်းဆိုင်ရာ သုတေသနလုပ်ငန်းများအနေနဲ့ လေအားလျှပ်စစ်ထုတ်လုပ်ရာမှာ အသုံးပြုတဲ့စွမ်းအားမြင့်သံလိုက်တွေကိုထုတ်လုပ်နိုင်ဖို့ နီယိုဒီနမ် (Nd) သတ္တုများစမ်းသပ်ထုတ်လုပ်ခြင်း Solar Pannel များ ထုတ်လုပ်ရာမှာအသုံးပြုနိုင်ဖို့အတွက် Metallurgical Grade Silicon ထုတ်လုပ်ခြင်းစတဲ့ သုတေ

သနလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် Fiber Glass များအသုံးပြုပြီးတော့ လေဒလက်များထုတ်လုပ်ရေးအတွက်လည်း သုတေသနပြုဆောင်ရွက်လျက်ရှိပါတယ်။ ဈူကလီးယားဆိုင်ရာ သုတေသနလုပ်ငန်းများအနေနဲ့ ဓာတ်ရောင်ခြည်တိုင်းတာရေးဆိုင်ရာသုတေသနလုပ်ငန်းတွေ၊ ဓာတ်ရောင်ခြည်အန္တရာယ်ကာကွယ်ရေးဆိုင်ရာသုတေသနလုပ်ငန်းတွေ၊ ဈူကလီးယားစက်ကိရိယာပစ္စည်းများပြုပြင်ထိန်းသိမ်းရေးသုတေသနလုပ်ငန်းတွေ၊ Non-Destructive Testing ဆိုင်ရာသုတေသနလုပ်ငန်းတွေ၊ အစားအစာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသုတေသနလုပ်ငန်းတွေနဲ့ ဈူကလီးယားစွန့်ပစ်ပစ္စည်းများစီမံထိန်းသိမ်းရေးဆိုင်ရာ သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ လေကြောင်းဆိုင်ရာသုတေသနလုပ်ငန်းများအနေနဲ့ နိုင်ငံတော်အကျိုးပြုလုပ်ငန်းများမှာ ဘက်စုံအသုံးပြုနိုင်တဲ့ မောင်းသူမဲ့လေယာဉ်များသုတေသနလုပ်ငန်းကိုဆောင်ရွက်ခဲ့ပြီး စမ်းသပ်ပျံသန်းမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တည်ဆောက်ပြီးလေယာဉ်များကိုလည်း အလိုအလျောက်ပျံသန်းမှုစနစ်နဲ့ ပျံသန်းနိုင်ဖို့အတွက် လိုအပ်တဲ့ထိန်းချုပ်မှုစနစ်များကိုလည်း သုတေသနပြုဆောင်ရွက်လျက်ရှိပါတယ်။

မြို့ပြအင်ဂျင်နီယာဘာသာရပ်သုတေသနလုပ်ငန်းများအနေနဲ့ ရေလွှမ်းမိုးမှုဒဏ်ခံနိုင်တဲ့ အဆောက်အဦ၊ လေမုန်တိုင်းဒဏ်ခံနိုင်တဲ့ အဆောက်အဦ၊ ငလျင်ဒဏ်ခံနိုင်တဲ့ အဆောက်အဦဒီဇိုင်းပုံစံများနဲ့ အဝေးပြေးလမ်းများတည်ဆောက်ရာမှာ အန္တရာယ်ကင်းရှင်းစေဖို့ ဒီဇိုင်းတွက်ချက်ခြင်းနဲ့ လိုအပ်တဲ့ သုတေသနလုပ်ငန်းတွေကိုလုပ်ဆောင်ခဲ့ပြီး အခုအချိန်မှာလက်တွေ့အသုံးပြုနိုင်ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဓာတုအင်ဂျင်နီယာပညာရပ်ဆိုင်ရာသုတေသနလုပ်ငန်းတွေအနေနဲ့လည်း တွင်းထွက်လောင်စာကိုအစားထိုးအသုံးပြုနိုင်ဖို့ Bio Diesel ကိုအုန်းဆီကြမ်းနှင့် ခြံစည်းရိုးကြက်ဆူဆီတွေကထုတ်လုပ်ခြင်း၊ စွန့်ပစ်ပလပ်စတစ်ပစ္စည်းများက Catalytic Cracking နည်းနဲ့ လောင်စာထုတ်လုပ်ခြင်း၊ သားသတ်စက်ရုံတွေက စွန့်ပစ်ပစ္စည်းရည်များကိုသန့်စင်ပြီးတော့ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိအောင်ကာကွယ်ခြင်း၊ လေယာဉ်အစိတ်အပိုင်းများနှင့် စက်တပ်ယာဉ်များမှာ အသုံးပြုနိုင်တဲ့ High Impact Resistance ခံနိုင်တဲ့ Ceramic Composite များထုတ်လုပ်ခြင်းစတဲ့ သုတေသနလုပ်ငန်းတွေဟာလည်း အထိုက်အလျောက် အသုံးပြုနိုင်တဲ့ အခြေအနေရှိတဲ့ သုတေသနလုပ်ငန်းများဖြစ်ပါကြောင်းတင်ပြလိုပါတယ်။ အလားတူပဲ ကွန်ပျူတာနည်းပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (က) Machine Translation System (ခ)E-Learning System (ဂ) Security and Control System (ဃ)Cyber Security System (င) Cloud Computing System (စ) Wireless Mobile Computing System (ဆ) Web Mining System (ဇ) Image

Processing System (ဈ)Parallel Computing Systemနဲ့ (ည) Computer Architecture System စတဲ့သုတေသနလုပ်ငန်းတွေကိုလည်းကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းများအနေနဲ့ စက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်း၊ ကုန်ချောနှင့် စက်ပစ္စည်းများထုတ်လုပ်ခြင်း၊ သဘာဝသယံဇာတများကို ရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းများနဲ့ လူတို့ရဲ့ကျန်းမာရေးနဲ့ ကျန်းမာရေးကိုထိခိုက်နိုင်စေတဲ့ သဘာဝပတ်ဝန်းကျင်က အန္တရာယ်ရှိနိုင်တဲ့ ပစ္စည်းများရဲ့ သက်ရောက်မှုများကို တိုင်းတာစမ်းသပ်ပေးခြင်းစတဲ့လုပ်ငန်းများနဲ့ နိုင်ငံတော်အကျိုးပြု သုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီဓာတ်ခွဲစမ်းသပ်မှုများကို ဆောင်ရွက်ပေးနိုင်မယ့် အမျိုးသားဓာတ်ခွဲခန်း National Lab ကိုဖွဲ့စည်းဆောင်ရွက်နိုင်ဖို့အတွက်လိုအပ်တဲ့ စက်ပစ္စည်း ကိရိယာများ ဝယ်ယူဖြည့်တင်းရေးကိုလည်း ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ်။ဒါ့အပြင် အမှတ် (၂) စက်မှုဝန်ကြီးဌာနအနေနဲ့လည်း လက်ရှိမော်တော်ယာဥ်များနှင့် အကြီးစားစက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်းတွေအပြင် မြန်မာနိုင်ငံရဲ့စီးပွားရေးနဲ့ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မယ့်လုပ်ငန်းများဖြစ်တဲ့ မြင်းကောင်ရေ ၂၅၀ က ၈၀၀ အထိစွမ်းအားရှိတဲ့ အင်ဂျင်များထုတ်လုပ်ခြင်းလုပ်ငန်း၊ မြင်းကောင်ရေ ၂၂၀၀ က ၂၇၀၀ အထိစွမ်းအားရှိတဲ့ အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကုန်တန်ချိန် ၁၀ တန်က တန် ၂၀ အထိ သယ်ယူနိုင်တဲ့ ဝန်တင်ယာဥ်များထုတ်လုပ်ခြင်းလုပ်ငန်း၊ ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက်လိုအပ်တဲ့ City Bus များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ Heavy Duty Truck, Light Truck နဲ့ Pick-up ယာဥ်များထုတ်လုပ်ခြင်း လုပ်ငန်းနှင့် အဲ့ဒီယာဥ်တွေအတွက် အစိတ်အပိုင်းကြီးများထုတ်လုပ်ခြင်းလုပ်ငန်းတွေကိုလည်းဆောင်ရွက် လျက်ရှိပါတယ်။

အလားတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊သတ္တုတွင်းဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေး ဝန်ကြီးဌာနစတဲ့ ပြည်ထောင်စုဝန်ကြီးဌာနများကလည်း နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နှစ်တို၊ နှစ်ရှည် စီမံချက်များရေးဆွဲပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။ အခုဖော်ပြခဲ့တဲ့အတိုင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်မယ့် နိုင်ငံတော်အဆင့်သုတေသနလုပ်ငန်းများကို ဆောင်ရွက်နေသလို အခြား

ပြည်ထောင်စုဝန်ကြီးဌာနတွေကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံတဲ့ နိုင်ငံတော်အဆင့်စီမံကိန်းများကိုဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

အခုဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်ရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ မိမိနိုင်ငံမှာ ဈေးကလီးယားစွမ်းအင်ထုတ်လုပ်နိုင်ဖို့ အတွက် အခြားဈေးကလီးယားပိုင်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အကူအညီရယူဆောင်ရွက်လျက်ရှိကြောင်း စွပ်စွဲပြောဆိုမှုအချို့ကြားသိရပါသဖြင့် ၎င်းကိစ္စနှင့်စပ်လျဉ်း၍သိရှိလိုပါကြောင်း မေးမြန်းထားတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဈေးကလီးယားစွမ်းအင်ဟာတကယ်တော့ အပူစွမ်းအင်တစ်မျိုးသာဖြစ်ပြီးတော့ ဈေးကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေမှာ ဈေးကလီးယား လောင်စာပြိုကွဲခြင်းကြောင့် ပေါ်ထွက်လာတဲ့ အပူစွမ်းအင်ကိုအသုံးပြုပြီးတော့ ရေကိုအငွေ့ပျံစေပြီး ရရှိလာတဲ့ ရေနွေးငွေ့နှင့် ရေနွေးငွေ့တာဘိုင်တွေကို လည်ပတ်စေပြီး၊ အဲဒီကတစ်ဆင့် လျှပ်စစ်ဂျင်နရေတာများကိုမောင်းနှင်ပြီးတော့ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းပဲဖြစ်ပါတယ်။ စွမ်းအင်ပညာရှင်များရဲ့ ဆန်းစစ်တွက်ချက်မှုများအရ ကမ္ဘာ့နိုင်ငံများဟာ အခုလက်ရှိ နှုန်းထားအတိုင်းသာ ဆက်လက်သုံးစွဲနေမယ်ဆိုရင် သဘာဝအရင်းအမြစ်တွေဖြစ်တဲ့ရေနံဟာ နောင်နှစ်ပေါင်း ၄၀ ခန့်နဲ့ သဘာဝဓာတ်ငွေ့ဟာ နောင်နှစ်ပေါင်း ၆၀ လောက်အကြာမှာ ကုန်ခမ်းသွားမှာဖြစ်တဲ့အတွက် ဈေးကလီးယားစွမ်းအင်ဟာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနဲ့ စွမ်းအင်အသုံးပြုရတဲ့အခြားလုပ်ငန်းတွေအတွက် အစားထိုးလောင်စာအဖြစ်ဆက်လက် အရေးပါနေဦးမှာဖြစ်ကြောင်း ပညာရှင်များကသုံးသပ်ထားကြပါတယ်။ ယေဘုယျအားဖြင့်ပြောရမယ်ဆိုရင်တော့ ဈေးကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်အသုံးပြုဖို့အတွက် ကနဦးအရင်းအနှီးများသော်လည်းပဲ ဒီဈေးကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို လုံခြုံစိတ်ချစွာအသုံးပြုနိုင်မယ်ဆိုရင် ဒီစက်ရုံရဲ့ အသုံးပြုနိုင်တဲ့သက်တမ်းဖြစ်တဲ့ နှစ်ပေါင်း ၆၀ လောက်အထိတစ်ဆက်တည်းစီးပွားရေးတွက်ခြေကိုက်စွာအသုံးပြုနိုင်ကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးဟာ စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်နဲ့လျှပ်စစ်ဓာတ်အားတိုးတက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ကိစ္စဟာ ရှောင်လွှဲ၍မရနိုင်တဲ့ကိစ္စတစ်ရပ်ဖြစ်တဲ့အတွက် စွမ်းအင်အပြည့်အဝလုံခြုံမှုနဲ့ ရာသီဥတုပြောင်းလဲစေမှုကို အနည်းဆုံးသက်ရောက်မှုရှိတဲ့ ဈေးကလီးယားစွမ်းအင်ကို လုံခြုံစိတ်ချစွာထုတ်ယူသုံးစွဲရေးဟာ အရေးပါတဲ့ကိစ္စတစ်ရပ်အဖြစ် တည်ရှိနေသေးကြောင်းကိုလည်း ကျွန်တော်တို့သတိပြုမိမှာ

ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ၂၀၁၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့က ဂျပန်နိုင်ငံ အရှေ့မြောက်ကမ်းခြေမှာဖြစ်ပွားခဲ့တဲ့ မြေငလျင်ဒဏ်နဲ့ ဆူနာမီတို့ရဲ့ သက်ရောက်မှုကြောင့် ဂျပန်နိုင်ငံ ဖူကူရှီးမားဒေသမှာရှိတဲ့ အဏုမြူဓာတ်ပေါင်းဖိုတချို့မှာ နျူကလီးယားဆိုင်ရာဘေးအန္တရာယ် ကျရောက်ခဲ့ကြောင်းအားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုနျူကလီးယားအန္တရာယ်များနဲ့ ရင်ဆိုင်ကြုံတွေ့ ခဲ့ခြင်းဟာ ဒီဓာတ်ပေါင်းဖိုကို ပုံစံရေးဆွဲထုတ်လုပ်တည်ဆောက်ခဲ့စဉ်က အခုလိုကြီးမားတဲ့ သဘာဝ ဘေးအန္တရာယ်မျိုးကိုမျှော်မှန်းပြီးတော့ ထည့်သွင်းတွက်ချက်ခဲ့ခြင်းမရှိခဲ့တဲ့အပြင် အဲဒီအချိန်အခါက ရှိနေတဲ့နည်းပညာအရတည်ဆောက်ခဲ့ရတဲ့ အခြေအနေတွေကြောင့် ဘေးအန္တရာယ်ကျရောက်ခဲ့စဉ်က အကာအကွယ်တွေကို ရုတ်ခြည်းဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြောင်း သုံးသပ်ကြပါတယ်။ ဒီသင်ခန်းစာကို ရယူပြီးတော့ နောင်တည်ဆောက်မယ့် ဓာတ်ပေါင်းဖိုများမှာ ကြီးမားတဲ့သဘာဝဘေးအန္တရာယ်ဒဏ်ကို ခံနိုင်ရည်ရှိစေဖို့နဲ့ အရေးပေါ်အခြေအနေတွေမှာ လိုအပ်တဲ့ထိန်းချုပ်မှုတွေပြုနိုင်တဲ့ ဘေးကင်းမှု အစီအမံတွေကို စီစဉ်ဆောင်ရွက်နေကြပြီး၊ ဓာတ်ပေါင်းဖိုအသစ်တွေ ကိုလည်းပိုမိုပြီးတော့ လုံခြုံစိတ်ချရတဲ့ပုံစံအသစ်တွေနဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ နည်းပညာတွေကို အခြေခံပြီးတော့ ထုတ်လုပ်အသုံးပြုနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် နျူကလီးယားလက်နက်မပြန့်ပွားရေးနဲ့ နျူကလီးယားစွမ်းအင်ကိုလုံခြုံစိတ်ချစွာအသုံးပြုနိုင်ရေးတို့အတွက်လည်း နိုင်ငံအသီးသီးမှာ အသုံးပြု လျက်ရှိတဲ့ နျူကလီးယားဓာတ်ပေါင်းဖိုအားလုံးကို အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီဖြစ်တဲ့ IAEA ရဲ့ စောင့်ကြည့်အကဲခတ်မှုအောက်မှာသာ တင်းကြပ်တဲ့စည်းကမ်းများနဲ့ တည်ဆောက်လည်ပတ် အသုံးပြုဖို့ သတ်မှတ်ထားတာရှိပါတယ်။

မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ IAEA အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်တာနဲ့အညီ IAEA ကကြီးမှူးကျင်းပတဲ့ နိုင်ငံတကာညီလာခံတွေ၊ အစည်းအဝေးတွေ၊ အလုပ်ရုံ ဆွေးနွေးပွဲတွေနဲ့ သင်တန်းများကို ကျွမ်းကျင်သူကိုယ်စားလှယ်များစေလွှတ်ပြီးတော့ ပါဝင်တက်ရောက် စေလျက်ရှိပါတယ်။ အဲဒီလို IAEA နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ကိစ္စရပ်များမှာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့နဲ့ နည်းပညာပိုင်းဆိုင်ရာဆွေးနွေးမှုများပြုလုပ်နိုင်ဖို့အတွက်ပဲဖြစ်ဖြစ် IAEA နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ သုတေသနလုပ်ငန်းတွေမှာ အခြားနိုင်ငံများနည်းတူ လိုက်လျောညီထွေစွာပူးပေါင်းပါဝင်နိုင်ဖို့ အတွက်ပဲ ဖြစ်ဖြစ် နျူကလီးယားနည်းပညာရပ်တွေကို လေ့လာသင်ကြားခြင်းနဲ့ နျူကလီးယားနည်းပညာရပ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တွေဖွံ့ဖြိုးတိုးတက်ဖို့အတွက် နျူကလီးယားနည်းပညာရပ်ဆိုင်ရာသင်တန်းတွေ

ကိုလည်းခေတ်နှင့်အညီ သင်ကြားပို့ချပေးခြင်းများကို ဆောင်ရွက်ပေးနေရပါတယ်။ ယနေ့ကမ္ဘာကြီးမှာ နျူကလီးယားစွမ်းအင်ကို ၁၉၅၀ ပြည့်နှစ်များကစပြီးတော့ ထုတ်လုပ်အသုံးပြုခဲ့ရာမှာ ယခုအခါမှာ နိုင်ငံပေါင်း ၃၀ ကျော်မှာ လျှပ်စစ်ဓာတ်အား ၃၇ မီဂါဝပ်ခန့်ထုတ်လုပ်နိုင်တဲ့ နျူကလီးယားစွမ်းအင်သုံး အဏုမြူဓာတ်ပေါင်းဖိုအလုံးပေါင်း ၄၄၀ လုံးခန့် လည်ပတ်အသုံးပြုလျက်ရှိပါတယ်။ ၂၀၁၀ ခုနှစ်မှာ ဒီနျူကလီးယားဓာတ်ပေါင်းဖိုတွေဟာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်နာရီသန်းပေါင်း ၂၆၃၀ခန့် ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ကမ္ဘာပေါ်မှာအသုံးပြုနေတဲ့ စုစုပေါင်း လျှပ်စစ်စွမ်းအင်ရဲ့ ၁၄ ရာခိုင်နှုန်းခန့်ရှိကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်တဲ့ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ဟာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့အတွက် နျူကလီးယားစွမ်းအင်သုံး အဏုမြူဓာတ်ပေါင်းဖိုတွေကို တည်ဆောက် အသုံးပြုနိုင်ဖို့ စီစဥ်ဆောင်ရွက်နေကြပြီးတော့ မလေးရှားနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ဟာလည်း နျူကလီးယားစွမ်းအင်ထုတ်လုပ်အသုံးပြုဖို့ စိတ်ဝင်စားလျက်ရှိပါတယ်။

ကမ္ဘာ့နိုင်ငံများမှာ နျူကလီးယားနည်းပညာကိုလျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲခြင်းအပြင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနဲ့ စက်မှုလုပ်ငန်းအစရှိတဲ့ နယ်ပယ်တွေမှာလည်း တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း နျူကလီးယားသိပ္ပံနဲ့နည်းပညာကို စိုက်ပျိုးရေး၊ ကျန်းမာရေး၊ စက်မှုလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေး၊ သိပ္ပံနှင့်နည်းပညာတိုးတက်ရေး၊ ပညာရေးနဲ့ သုတေသနလုပ်ငန်းတွေမှာ အသုံးပြုလျက်ရှိပါတယ်။ ကျန်းမာရေးကဏ္ဍမှာ ဓာတ်ရောင်ခြည်အသုံးပြုပြီးတော့ ရောဂါရှာဖွေကုသခြင်း၊ ဓာတ်ရောင်ခြည်အသုံးပြုပြီးတော့ ကင်ဆာရောဂါကုသခြင်း၊ နျူကလီးယားဆေးပညာနဲ့ ရောဂါကုသခြင်း၊ ဆေးရုံသုံးပစ္စည်းများနှင့် ခွဲစိတ်ကုသမှုသုံးပစ္စည်းများအား ပိုးသတ်ခြင်းစတဲ့ လုပ်ငန်းမှာဖြစ်ဖြစ် စက်မှုလုပ်ငန်းများမှာ ဒြပ်ပစ္စည်းများရဲ့ အရည်အသွေးစစ်ဆေးခြင်း၊ ပိုက်လိုင်းများရဲ့ ယိုစိမ့်မှုကိုစစ်ဆေးခြင်း၊ ဂဟေဆက်ခြင်းများနဲ့ သတ္တုကိုယ်ထည်များရဲ့ ကြံ့ခိုင်မှုကိုစစ်ဆေးခြင်း၊ စတဲ့လုပ်ငန်းတွေမှာဖြစ်စေ နျူကလီးယားသိပ္ပံနဲ့နည်းပညာကို အသုံးပြုနေရပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးကဏ္ဍမှာ ဒြပ်ရောင်ခြည်ကိုအသုံးပြုပြီးတော့ စပါး၊ ပဲ၊ နှမ်း၊ ဝါ၊ ကြံ၊ သစ်သီးနဲ့ ပန်းမျိုးစေ့ စတာတွေကို မျိုးထွန်းဗီဇသုတေသနပြုပြီးတော့ စမ်းသပ်စိုက်ပျိုးခြင်း၊ အင်းဆက်ပိုးမွှားများကို နှိမ်နင်းခြင်းစတဲ့ လုပ်ငန်းတွေနဲ့ မွေးမြူရေးကဏ္ဍမှာ တိရစ္ဆာန်တို့မှာ ဖြစ်ပွားတတ်တဲ့ရောဂါတွေကို ကာကွယ်ခြင်း၊ တိရစ္ဆာန်အသားအထွက်နှုန်းကောင်းအောင်ဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းရပ်တွေမှာလည်း နျူကလီးယားသိပ္ပံနဲ့နည်းပညာကို အကျိုးရှိစွာကျွန်တော်တို့အသုံးပြုလျက်ရှိပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ အခြားနိုင်ငံများနည်းတူ နျူကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ နျူကလီးယားနည်းပညာဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်ရေး၊ ဓာတ်ရောင်ခြည်အသုံးပြုပြီးမျိုးထွန်းဇီဇသုတေသနလုပ်ငန်းများ၊ အင်းဆက်ပိုးမွှားများနှိမ်နင်းတဲ့သုတေသနလုပ်ငန်းများ၊ ဓာတ်ရောင်ခြည်သုံးပြီးဆေးဘက်ဆိုင်ရာပစ္စည်းများပိုးသတ်ခြင်းလုပ်ငန်းများ၊ ဓာတ်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး၊ ဓာတ်ရောင်ခြည်နဲ့ထိတွေ့လုပ်ကိုင်နေရတဲ့လုပ်သားများရဲ့ ဓာတ်ရောင်ခြည်သင့်မှုကိုတိုင်းတာခြင်း၊ သဘာဝပတ်ဝန်းကျင်ရှိ ရေဒီယိုသတ္တိကြွမှုကို စောင့်ကြည့်တိုင်းတာခြင်း၊ အစားအစာများမှာပါဝင်နေတဲ့ ရေဒီယိုသတ္တိကြွပစ္စည်းများပမာဏကိုတိုင်းတာခြင်း၊ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများအားထိန်းသိမ်းခြင်းနဲ့ သယ်ယူပို့ဆောင်ခြင်းစတဲ့လုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ IAEA နှင့်ပူးပေါင်းပြီးတော့လည်း နျူကလီးယားနည်းပညာနဲ့ သုတေသနလုပ်ငန်းများကို အခြားနိုင်ငံများနည်းတူ ဆောင်ရွက်လျက်ရှိပါတယ်။ IAEA အနေနဲ့လည်း အဖွဲ့ဝင်နိုင်ငံများရဲ့ နျူကလီးယားစွမ်းအင်အသုံးပြုထုတ်လုပ်မှုနဲ့ဖွံ့ဖြိုးတိုးတက်မှုတွေမှာအာမခံချက်ရှိဖို့ နျူကလီးယားလက်နက်မပြန့်ပွားရေးနဲ့ ဘေးကင်းလုံခြုံစိတ်ချရစေရေးတို့အတွက်အလွန်တင်းကြပ်တဲ့လုပ်ထုံးလုပ်နည်းများနဲ့၊ စည်းကမ်းဘောင်များနဲ့ ကြီးကြပ်ဆောင်ရွက်လျက်ရှိသလို၊ နည်းပညာကိုအသုံးပြုပြီးတော့ လူသားတို့ရဲ့ကျန်းမာရေးဆိုင်ရာပြဿနာများကိုဖြေရှင်းပေးခြင်း၊ ရောဂါရှာဖွေခြင်း၊ ကုသခြင်းနဲ့ကာကွယ်တားဆီးရေးလုပ်ငန်းများမှာ အဖွဲ့ဝင်နိုင်ငံများရဲ့ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ဖို့ လိုအပ်တဲ့ပံ့ပိုးကူညီမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရေဒီယိုအိုင်ဆိုတုပ်များထုတ်လုပ်ဖို့နဲ့ ကျန်းမာရေးပညာရေးနဲ့သုတေသနလုပ်ငန်းများမှာအသုံးပြုဖို့အတွက် သုတေသနလုပ်ငန်းသုံးအဏုမြူဓာတ်ပေါင်းဖို Resesrch Reactor များနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့အတွက် နျူကလီးယားစွမ်းအင်သုံးအဏုမြူဓာတ်ပေါင်းဖိုများကို တည်ဆောက်အသုံးပြုလျက်ရှိပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် ဗီယက်နမ်နိုင်ငံမှာသုတေသနလုပ်ငန်းသုံးအဏုမြူဓာတ်ပေါင်းဖိုဖြစ်တဲ့ Resesrch Reactor ကို ၁၉၆၀ ပြည့်နှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၃ ခုနှစ်မှာ စတင်လည်ပတ်အသုံးပြုခဲ့ပါတယ်။ အလားတူပဲ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ နဲ့ မလေးရှားနိုင်ငံတို့မှာလည်း သုတေသနလုပ်ငန်းသုံးအဏုမြူဓာတ်ပေါင်းဖို Resesrch Reactor များကိုတည်ဆောက်အသုံးပြုလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်းအခြားနိုင်ငံများနည်းတူ သုတေသန လုပ်ငန်းသုံးအဏုမြူဓာတ်ပေါင်းဖိုဖြစ်တဲ့ Resesrch Reactor တစ်လုံးတည်ဆောက်အသုံးပြုနိုင်မယ်ဆိုရင်

နျူကလီးယားသိပ္ပံနဲ့နည်းပညာကိုငြိမ်းချမ်းစွာအသုံးပြုဖို့အတွက် ပိုမိုကျယ်ပြန့်တဲ့သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ နျူကလီးယားလက်နက်မပြန့် ပွားရေးစာချုပ်ဖြစ်တဲ့ Nuclear Non-Proliferation Treaty – NPT အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နျူကလီးယားပစ္စည်းများနဲ့ စက်ရုံတွေကို အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ IAEA ရဲ့ စောင့်ကြည့်အကဲခတ်မှုအောက်မှာထားရှိရေး ဆိုင်ရာ သဘောတူချက်ဖြစ်တဲ့ Safeguards Agreement နဲ့ ၎င်းရဲ့နောက်ဆက်တွဲတို့ကိုလည်း ၁၉၉၅ ခုနှစ်မှာ သဘောတူလက်မှတ်ရေးထိုးထားပြီးဖြစ်တဲ့အတွက် ဒီသဘောတူညီချက်မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း နျူကလီးယားဆိုင်ရာလုပ်ငန်းတွေကိုဆောင်ရွက်မယ်ဆိုရင် IAEA ကိုအသိပေးအကြောင်းကြားပြီးမှသာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒေသတွင်းအဆင့်မှာလည်း မြန်မာနိုင်ငံဟာအရှေ့တောင်အာရှနျူကလီးယား လက်နက် ကင်းမဲ့ရေးဇုန်စာချုပ် Treaty on South East Asia Nuclear Weapon Free Zone – SEANWFZ မှာပါဝင်ထားတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့နျူကလီးယား နည်းပညာကို သိပ္ပံနဲ့နည်းပညာဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကျန်းမာရေး၊ ပညာရေးနယ်ပယ်တွေမှာ ငြိမ်းချမ်းတဲ့ ရည်ရွယ်ချက်များအတွက် အသုံးပြုဖို့ကြိုးပမ်းမှုတစ်ရပ်အနေနဲ့ ရုရှားနိုင်ငံအပါအဝင် အချို့သော နိုင်ငံများသို့ပညာသင်များစေလွှတ်ခြင်းအပြင် ရုရှားနိုင်ငံနဲ့ပူးပေါင်းပြီးတော့ ၁၀ မဂ္ဂါဝပ် အပူစွမ်းအင် ထုတ်လုပ်နိုင်တဲ့ သုတေသနနျူကလီးယားဓာတ်ပေါင်းဖို Resesrch Reactor တစ်ခုတည်ဆောက်ဖို့ ညှိနှိုင်းဆောင်ရွက်ခဲ့ဘူးသော်လည်းပဲ လုံလောက်တဲ့အရင်းအမြစ်များမရှိခြင်း၊ နိုင်ငံတကာကနားလည်မှု လွဲမှားမှာစိုးရိမ်ခြင်းတို့ကြောင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုဘဲ ရပ်ဆိုင်းထားခဲ့ ပါတယ်။ အဲဒီစီမံကိန်းကို ဆောင်ရွက်မယ်ဆိုရင်လည်း IAEA ရဲ့စောင့်ကြည့်မှုနဲ့ IAEA ရဲ့အစီအစဉ် အောက်ကသာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးနဲ့ နျူကလီးယားလက်နက်ထုတ်လုပ်ရေးတို့ကို ခွဲခြားရှုမြင်ဖို့လိုအပ်မှာဖြစ်ပါတယ်။

နိုင်ငံတိုင်းဟာ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းတဲ့ရည်ရွယ်ချက်များနဲ့ ငြိမ်းချမ်းစွာအသုံးပြုနိုင်တဲ့ အခွင့်အရေးရှိတဲ့အတွက် ဒီအချက်ကို မြန်မာနိုင်ငံကအစဉ်တစိုက်ထောက်ခံခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ နျူကလီးယားလက်နက်မပြန့်ပွားရေးကို ထောက်ခံတဲ့တစ်ချိန်တည်းမှာပဲ နျူကလီးယား လက်နက်မပြန့်ပွားရေးစာချုပ်ကို နိုင်ငံရေးအရအသုံးမပြုဖို့ ဒီစာချုပ်ကိုအကောင်အထည်ဖော်ရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်မှာ ခွဲခြားဆက်ဆံမှုမပြုရေးတို့ကိုထောက်ခံတဲ့ နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့အတူလက်တွဲပြီးတော့ ဒေသတွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်

ရေးတို့အတွက် အစဉ်တစိုက်ပါဝင်ဆောင်ရွက်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီးတော့ ဒေသတွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးတို့ကို ထိပါးစေမဲ့လုပ်ဆောင်မှုမျိုးကို မည်သည့်အချိန်အခါကမျှလုပ်ဆောင်ခဲ့တဲ့ နိုင်ငံ မဟုတ်ကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ နျူကလီးယားလက်နက်ထုတ်လုပ်ဖို့ အခြေခံအဆောက်အအုံနဲ့ နည်းပညာအရလည်းကောင်း၊ ငွေကြေးအရင်းအမြစ်အရလည်းကောင်း လုံလောက်မှုမရှိတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသာဖြစ်တဲ့အတွက် နျူကလီးယားလက်နက်ထုတ်လုပ်နိုင်မယ့် အခြေအနေမရှိကြောင်းကိုလည်း ကျွမ်းကျင်သူများကသုံးသပ်ထားပြီးဖြစ်ပါတယ်။ ဒီအကြောင်းတွေကြောင့် မြန်မာနိုင်ငံအနေနဲ့ နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများရှိနေကြောင်း စွပ်စွဲချက်များဟာမှန်ကန်မှုမရှိတဲ့အပြင် နျူကလီးယားလက်နက်ပိုင်ဆိုင်ဖို့အတွက် ကြိုးပမ်းမှုအလျှင်း မရှိကြောင်းနဲ့ မြန်မာနိုင်ငံဟာငြိမ်းချမ်းရေးကိုလိုလားပြီး နျူကလီးယားလက်နက်ပိုင်ဆိုင်တဲ့နိုင်ငံဖြစ်လာဖို့ ရည်ရွယ်ချက်မရှိကြောင်းကိုလည်း နိုင်ငံတကာသို့ ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။(သြဘာသံများ)

အခု ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွင်ဦးက နိုင်ငံတိုင်းဟာတက္ကသိုလ်များ၊ သိပ္ပံကျောင်းများသာထူထောင်ခြင်းမျိုးမဟုတ်ဘဲ နည်းပညာပိုင်းဆိုင်ရာမှာ ပိုမိုတိုးတက်မြင့်မားစေဖို့ သုတေသနသိပ္ပံကျောင်း Research Institute များကို ထူထောင်ပြီးဆောင်ရွက်ကြပါတယ်။ မြန်မာနိုင်ငံမှာလက်ရှိ တက္ကသိုလ်များထဲက သင့်တော်တဲ့တက္ကသိုလ်ကို သုတေသနသိပ္ပံကျောင်းအဖြစ်ပြောင်းလဲဖွင့်လှစ်ဖို့အစီအစဉ် ရှိ၊ မရှိ နဲ့ ရှိပါကမည်သည့်အချိန်မှာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းမေးမြန်းထားတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဖြေကြားသွားမှာဖြစ်ပါတယ်။ အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက Research University နဲ့ Research Institute တွေဟာ သုတေသနလုပ်ငန်းတွေကို သင်ကြားရေးနဲ့တွဲဖက်လုပ်ဆောင် နေကြပြီးတော့ အဓိကအားဖြင့် ဘွဲ့လွန်သင်တန်းနဲ့ ပါရဂူဘွဲ့သင်တန်းတွေမှာ သက်ဆိုင်ရာနယ်ပယ်အလိုက် သုတေသနလုပ်ငန်းတွေကိုဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာတစ်ဝန်း ကမ္ဘာ့ထိပ်တန်းအဆင့် တစ်ရာ အတွင်းမှာရှိတဲ့ သုတေသနအခြေပြုတက္ကသိုလ်များဖြစ်တဲ့ အမေရိကန်နိုင်ငံက Massachusetts နည်းပညာ တက္ကသိုလ်၊ Massachusetts Insitute of Technology နဲ့ ကယ်လီဖိုးနီးယားနည်းပညာတက္ကသိုလ် California Insitute of Technology၊ ဂျပန်နိုင်ငံက တိုကျိုတက္ကသိုလ်၊ University of Tokyo နဲ့ ကျိုတိုတက္ကသိုလ်၊ Kyoto University ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဟောင်ကောင်တက္ကသိုလ်၊ University

of Hong Kong နဲ့ ရှင်းဟွာတက္ကသိုလ်၊ Tsinghua University ၊ စင်္ကာပူနိုင်ငံက စင်္ကာပူအမျိုးသားတက္ကသိုလ်၊ National University of Singapore နဲ့ Nanyang Technological University စတဲ့ တက္ကသိုလ်ကြီးများမှာ သင်ကြားရေးမဟာဌာနများနဲ့ သုတေသနဌာနများပူးပေါင်းဖွင့်လှစ်ပြီးတော့ ပါမောက္ခများနဲ့ ကျွမ်းကျင်သူများရဲ့ဦးဆောင်မှုနဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနလုပ်ငန်းတွေကို ဘွဲ့လွန်နဲ့ ပါရဂူဘွဲ့သင်တန်းသားတွေက ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေနဲ့လည်း နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများအတွက် သုတေသနဌာနများဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိတဲ့အပြင် သင်ကြားရေးနဲ့သုတေသနလုပ်ငန်းများတွဲဖက်ဆောင်ရွက်နေတဲ့ သုတေသနအခြေပြုတက္ကသိုလ် Research University များအဖြစ် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် နဲ့ မန္တလေးကွန်ပျူတာတက္ကသိုလ်တို့မှာ စီမံချက်များချထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီတက္ကသိုလ်များမှာဘွဲ့ကြို၊ ဘွဲ့လွန်နဲ့ ပါရဂူသင်တန်းတွေ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သက်ဆိုင်ရာဘွဲ့အသီးသီးအတွက်လိုအပ်တဲ့ ဘွဲ့ယူကျမ်းများတင်သွင်းရာမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရေးကို အထောက်အကူပြုစေမယ့် အကျိုးပြုသုတေသနလုပ်ငန်းတွေကို ဆောင်ရွက်စေပြီးတော့ လေ့လာတွေ့ရှိချက်တွေကို သုတေသနစာတမ်းများပြုစုရေးသားပြီးတော့ နိုင်ငံတကာသုတေသနညီလာခံစာတမ်းဖတ်ပွဲများသို့ သွားရောက်ဖတ်ကြားစေခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်နည်းပညာတက္ကသိုလ် နဲ့ မန္တလေးနည်းပညာတက္ကသိုလ်တွေမှာ အင်ဂျင်နီယာ၊ ဗိသုကာနဲ့ အသုံးချသိပ္ပံဘာသာရပ်တွေအတွက် မဟာဘွဲ့နဲ့ ပါရဂူဘွဲ့သင်တန်းများဖွင့်လှစ်ပြီးတော့ သုတေသနလုပ်ငန်းများကိုလည်း တွဲဖက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုသုတေသနလုပ်ငန်းများ ပိုပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် နိုင်ငံတကာမှာရှိတဲ့ သုတေသနအခြေပြုတက္ကသိုလ်များနည်းတူ သင်ကြားရေးဌာနများအပြင် အာကာသသုတေသနဌာန၊ အဝေးမှအာရုံခံခြင်းဆိုင်ရာသုတေသနဗဟိုဌာန၊ လျှပ်စစ်စွမ်းအားသုတေသနဗဟိုဌာန၊ အီလက်ထရောနစ်သုတေသနဗဟိုဌာန၊ ဓာတုအင်ဂျင်နီယာသုတေသနဗဟိုဌာနနဲ့ စွမ်းအင်သုတေသနဗဟိုဌာနစတဲ့သုတေသနဌာနတွေကိုလည်း သီးခြားဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်မှာလည်း ဘွဲ့ကြိုနဲ့ ဘွဲ့လွန်သင်တန်းများသင်ကြားပို့ချလျက်ရှိပြီး လေကြောင်းနဲ့အာကာသပညာရပ်ဆိုင်ရာ ဆက်စပ်သုတေသနလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေး

ကွန်ပျူတာတက္ကသိုလ်တွေမှာလည်း ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာဘာသာရပ်အတွက် ဘွဲ့ကြို၊ ဘွဲ့လွန်နဲ့ ပါရဂူဘွဲ့သင်တန်းတွေဖွင့်လှစ်သင်ကြားပြီးတော့ ဘွဲ့လွန်နဲ့ ပါရဂူဘွဲ့သင်တန်းများမှာ နိုင်ငံတကာ အဆင့်မီ အကျိုးပြုသုတေသနလုပ်ငန်းတွေကို ပူးတွဲဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းပါရဂူဘွဲ့ သင်တန်းများမှာ သက်ဆိုင်ရာဘာသာရပ်ကိုဖြေဆိုအောင်မြင်ပြီးတော့ နိုင်ငံတကာတက္ကသိုလ်များနဲ့ သုတေ သနဌာနများကကြီးမှူးကျင်းပတဲ့ နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲများမှာ အောင်မြင်စွာစာတမ်း ဖတ်ကြားနိုင်သူတွေကိုပဲ ပြည်တွင်းမှာပါရဂူဘွဲ့ချီးမြှင့်လျက်ရှိပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနအောက်မှာရှိတဲ့ တက္ကသိုလ်များမှာတက်ရောက်နေကြတဲ့ ပါရဂူဘွဲ့သင်တန်းများရဲ့ ဘာသာရပ်အလိုက် သုတေသနစာတမ်းတွေကို ပြည်ပနိုင်ငံများမှာကျင်းပပြုလုပ်တဲ့ နိုင်ငံတကာသုတေသနဆိုင်ရာညီလာခံ များသို့ တင်သွင်းဖတ်ကြားခဲ့ရာမှာ အခုအချိန်အထိ သုတေသနဆိုင်ရာစာတမ်းစုစုပေါင်း ၄၀၀ ကျော်ကို တင်သွင်းဖတ်ကြားနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို နိုင်ငံတကာမှာကျင်းပတဲ့ သိပ္ပံနှင့်နည်းပညာ ညီလာခံ များသို့ သုတေသနစာတမ်းများတင်သွင်းဖတ်ကြားစေတဲ့အပြင် မြန်မာနိုင်ငံမှာလည်း နိုင်ငံတကာရှိ တက္ကသိုလ်အသီးသီးက သုတေသနဆိုင်ရာအတွေ့အကြုံဗဟုသုတများနဲ့ နည်းပညာများ လေ့လာဖလှယ် နိုင်စေဖို့အတွက် နိုင်ငံတကာတက္ကသိုလ်များက ပါမောက္ခများနဲ့ပညာရှင်များကို ဖိတ်ကြားပြီးတော့ နိုင်ငံတကာအဆင့်သုတေသနစာတမ်းဖတ်ပွဲနဲ့ ညီလာခံများကိုကျင်းပပြုလုပ်ပေးလျက်ရှိပါတယ်။

သိပ္ပံနဲ့ အင်ဂျင်နီယာနှင့် နည်းပညာကဏ္ဍမှာ International Comference On Science and Engineering (ICSE) သုတေသနညီလာခံကို မြန်မာနိုင်ငံမှာ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ် များမှာကျင်းပပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီ ICSE သုတေသနညီလာခံများကို ဂျပန်၊ အိန္ဒိယ၊ ရုရှား၊ ထိုင်း၊ မလေးရှား၊ တောင်ကိုးရီးယား၊ စင်္ကာပူ၊ အမေရိကန်၊ ပါကစ္စတန်၊ ဟောင်ကောင်နဲ့ ဘယ်လ်ဂျီယမ်စတဲ့ နိုင်ငံပေါင်း ၁၁ နိုင်ငံရှိ တက္ကသိုလ်အသီးသီးက ပါမောက္ခ ၂၃ ဦးလာရောက်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး သုတေသနစာတမ်းပေါင်း ၆၀၆ စောင် တင်သွင်းဖတ်ကြားခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် တွင် ICSE သုတေသနညီလာခံကိုလာမယ့်ဒီဇင်ဘာလမှာ ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်မှာ တတိယအကြိမ်မြောက် ကျင်းပဖို့လည်းစီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အလားတူပဲ ကွန်ပျူတာသိပ္ပံနဲ့ကွန်ပျူတာနည်း ပညာကဏ္ဍမှာလည်း နိုင်ငံတကာအဆင့်ညီလာခံတွေကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က ဦးဆောင် ကျင်းပပြီးတော့ International Comference On Computer Application ညီလာခံအနေနဲ့ စုစုပေါင်း ကိုးကြိမ်ကျင်းပနိုင်ခဲ့ပြီး ပြည်တွင်းပြည်ပကသုတေသနစာတမ်းပေါင်း ၆၂၈ စောင် တင်သွင်းဖတ်ကြား

ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို သုတေသနလုပ်ငန်းများလုပ်ဆောင်ရာမှာ နိုင်ငံတကာအဆင့် သုတေသနညီလာခံများသို့ တက်ရောက်လာကြတဲ့ တက္ကသိုလ်အသီးသီးက ပါမောက္ခများနဲ့ ပညာရှင်များရဲ့ အကြံပြုဆွေးနွေးချက်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံတကာမှာ ပြောင်းလဲတိုးတက်နေတဲ့ ခေတ်မီနည်းပညာရပ်တွေကို မျက်ခြေမပြတ်လေ့လာသင်ယူနိုင်ဖို့အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်မှာ နည်းပညာတက္ကသိုလ် Yatanarpon Cyber City ကိုသုတေသနအခြေပြုတက္ကသိုလ်တစ်ခုအဖြစ် ၂၀၁၀ ပြည့်နှစ်မှာတိုးချဲ့ဖွင့်လှစ်ပြီးတော့ နိုင်ငံတကာနည်းပညာကုမ္ပဏီများ၊ တက္ကသိုလ်များနဲ့ ပူးပေါင်းပြီးတော့ သင်ကြားရေးနဲ့ သုတေသနလုပ်ငန်းတွေလုပ်ဆောင်နိုင်ဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့အချိန်အထိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်မှာ သုတေသနအခြေပြုတက္ကသိုလ်များ Reserch University ၆ ခု ဖွင့်လှစ်ထားခဲ့ပြီး သုတေသနအခြေပြုတက္ကသိုလ်များအပါအဝင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် သုတေသနဌာနများမှာ ရုရှားနိုင်ငံက ပါရဂူဘွဲ့ရသူ ၂၅ ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပါရဂူဘွဲ့ရသူ ၁၉ ဦး၊ စင်္ကာပူနိုင်ငံက ပါရဂူဘွဲ့ရသူ ၈ ဦး၊ ဂျပန်နိုင်ငံက ပါရဂူဘွဲ့ရသူ ၇ ဦး၊ အိန္ဒိယနိုင်ငံက ပါရဂူဘွဲ့ရသူ ၁ ဦး၊ မလေးရှားနိုင်ငံက ပါရဂူဘွဲ့ရသူ ၁ ဦး၊ ဂျာမဏီနိုင်ငံက ပါရဂူဘွဲ့ရသူ ၂ ဦး၊ စုစုပေါင်းနိုင်ငံခြားပြန် ပါရဂူဘွဲ့ရ ၆၃ ဦးက ဦးဆောင်ပြီးတော့ ပြည်တွင်းကမဟာဘွဲ့နဲ့ ပါရဂူဘွဲ့ရဆရာ၊ ဆရာမများနဲ့ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီအကျိုးပြုသုတေသနလုပ်ငန်းတွေကို စီမံချက်များချမှတ်ပြီးတော့ အဆင့်အလိုက် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ့အတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦးမေးမြန်းထားတဲ့ မေးခွန်းနဲ့ပတ်သက်တဲ့ကိစ္စဟာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဆောင်ရွက်ထားပြီးဖြစ်တဲ့ကိစ္စ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ၃၀ မိနစ်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ၁၁း၄၀ နာရီတွင်ပြန်လည်စတင်ပါမယ်ခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

«အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။»

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေမေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ် )။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့အကြောင်းအရာကတော့ မျက်မှောက်ကာလတွင် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးရေးတွင်လည်းကောင်း၊ နယ်မြေဒေသတစ်ခုချင်းအလိုက် အတူတကွကြီးပွားတိုးတက်မှု Growth together ရရှိရေးတွင်လည်းကောင်း၊ သတင်းဆက်သွယ်မှု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသော၊ အဓိကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါတယ်။ သို့ပါ၍ သတင်းဆက်သွယ်မှုနည်းပညာနှင့် စပ်လျဉ်းသော နိုင်ငံတော်အဆင့်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှုရှိပါသလား။ ရှိပါက လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မယ့် အစီအမံများကို လွှတ်တော်ကိုယ်စားလှယ်များသိရှိနိုင်ရန် ရှင်းလင်းဖြေကြားပေးစေလိုကြောင်း လေးစားစွာမေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးတင်ဝင်း၊ မိုင်းယန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း(မိုင်းယန်းမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူများအကျိုးရှိမယ့်မေးခွန်းကို မေးမြန်းခွင့်ပြုပါရန်

လေးစားစွာတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်တွင် လက်ရှိအများသုံးအော်တိုတယ်လီဖုန်းသုံးလုံးသာရှိပြီး နံနက် ၇ နာရီမှ ည ၈ နာရီအထိသာဆက်သွယ်ပြောဆိုနိုင်ပါသည်။ မိုင်းယန်းမြို့နယ်သည် ပြည်နယ်ဆက်သွယ်ရေးမှ CDMA နှင့် GSM တယ်လီဖုန်း ၁၀ လုံးငှားရမ်းအသုံးပြုလျက်ရှိသော်လည်း ဆက်သွယ်၍မရပါ။ ဆက်သွယ်ရေးဧရိယာပြင်ပသို့ရောက်ရှိနေပါသည်။ သို့ပါ၍ မိုင်းယန်းမြို့နယ်တွင် အချိန်မရွေးလွယ်ကူစွာဆက်သွယ်နိုင်ရေးအတွက် CDMA သို့မဟုတ် GSM တယ်လီဖုန်းတပ်ဆင်ချထားပေးရန်အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းရီ (ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါဟု နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ထန်းတပင်မြို့နယ်သည် ဧရိယာအကျယ်အဝန်းအားဖြင့် ၂၃၄.၃၄ စတုရန်းမိုင် ကျယ်ဝန်းလျက်ရှိပါတယ်။ ကျေးရွာပေါင်း ၅၉ အုပ်စုနှင့် ရွာပေါင်း ၂၃၀ ရှိပါတယ်။ မြစ်ချောင်းများ ဝိုင်းရံလျက်ရှိပါတယ်။ အဆိုပါအခက်အခဲများကြောင့် ဆက်သွယ်ရေးလုပ်ငန်းများ လွန်စွာခက်ခဲလျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ GSM နှင့် CDMA တာဝါတိုင်လွှင့်စက်များစိုက်ထူပေးမယ်ဆိုရင်တော့ ထန်းတပင်မြို့နယ်အနေဖြင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများလက်ရှိကိုင်သုံးနေတဲ့ GSM ဖုန်းများဆက်သွယ်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်တွင် GSM နှင့် CDMA တာဝါတိုင်များတပ်ဆင်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိနိုင်ရန်အတွက် မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းခတ္တိယ၊ မိုင်းဆတ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းခတ္တိယ(မိုင်းဆတ်မဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ

ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဆတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးလိုသည့်မေးခွန်းကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ခရိုင်လေးခရိုင်ရှိပြီး မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်တွင် CDMA တယ်လီဖုန်းလိုင်းမရှိသေးပါ။ အခြားခရိုင်မှာ CDMA ဖုန်းလိုင်းများရရှိနေပြီဖြစ်သဖြင့် မိုင်းဆတ်မြို့နယ်အတွက် CDMA တယ်လီဖုန်းလိုင်း သို့မဟုတ် GSM တယ်လီဖုန်းအသုံးပြုခွင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် စီစဉ်ပေးနိုင်ခြင်းမရှိကြောင်းသိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစဲကီကော်၊ မိုင်းခတ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစဲကီကော်(မိုင်းခတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွဖိတ်ကြားထားသောဧည့်သည်တော်များ၊ မြို့နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုးခတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော် ဖြစ်ပါတယ်။ အခုပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့မှာ မိုင်းခတ်မြို့နယ်ပြည်သူလူထု၏အသံကို လွှတ်တော်သို့တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်မှာ ဒီနှစ်ရက်၊ သုံးရက်အတွင်းမှာပဲ CDMA ဖုန်းခေါ်ယူ ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း သိရှိရပါသဖြင့်ဆောင်ရွက်ပေးသော နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ရှိကြောင်း မိုင်းခတ်မြို့နယ်ပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါတယ်။ ဒါကြောင့်အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော်တင်ပြထားသော CDMA ဖုန်းမေးခွန်းကိုမေးမြန်းခြင်းမှ ပြန်လည်ရုပ်သိမ်းကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ မေးခွန်းများအလိုက်ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေး၊ စာတိုက်နှင့်

ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော် ကိုယ်စားလှယ်တော်ကြီး ဦးမျိုးဆွေတင်ပြသွားတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးမျိုးဆွေတင်ပြတဲ့အတိုင်း သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးတိုးတက်မှုဟာ လူမှုစီးပွားဘဝနှင့် လူတို့ရဲ့ နေထိုင်လုပ်ကိုင်ပုံတို့ကိုပါ တိုးတက်ပြောင်းလဲစေတဲ့ အခန်းကဏ္ဍမှပါဝင်နေတယ်ဆိုတာ မှန်ကန်ပါကြောင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ဘယ်စီးပွားရေးစနစ်မှာမဆို ကုန်ထုတ်လုပ်မှုဆောင်ရွက်မယ်ဆိုရင် မြေသယံဇာတသော်လည်းကောင်း၊ ရေ၊ လေ သယံဇာတသော်လည်းကောင်း၊ နောက်ဆုံးမှာ နေရောင်ခြည်စွမ်းအင်သယံဇာတဆိုတဲ့ မည်သည့်စီးပွားရေးစနစ်မှာမဆို ကုန်ထုတ်လုပ်မှုမှာ သဘာဝသယံဇာတ သို့မဟုတ် လူလုပ်သယံဇာတ ဒါကိုအသုံးပြုရတာဖြစ်ပါတယ်။ ဒီလို သယံဇာတပစ္စည်းများကို အသုံးပြုပြီးတော့ ကုန်ပစ္စည်းထုတ်လုပ်တဲ့အနေအထားက ယခု ICT ဟာဆိုလို့ရှိရင် လူ့စွမ်းအားအရင်းအမြစ်ကိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီးတော့ သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အခြေခံတဲ့လူတွေရဲ့ စိတ်ကူးစိတ်သန်းများနဲ့ ဖန်တီးဆန်းသစ်မှုကိုအသုံးပြုပြီးတော့မှ ထုတ်လုပ်တဲ့စီးပွားရေးပုံစံ၊ စီးပွားရေးစနစ်သစ်ဖြစ်ပေါ်လာတာဖြစ်တဲ့အတွက် ကမ္ဘာမှာအချို့ကဒီဟာကို New Economy စီးပွားရေးစနစ်သစ်လို့လည်းတင်စားခေါ်ကြပါတယ်။ ထို့အတူပဲ Digital စီးပွာရေးစနစ်လို့လည်းခေါ်ကြပါတယ်။

ဒါ့ကြောင့် ကမ္ဘာတစ်ဝန်းလုံးမှာ အစိုးရများအနေဖြင့် ICT for Development ICT ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ဟာကို ပိုမိုအလေးထားအာရုံစိုက်ဆောင်ရွက်လာကြတာကိုလည်း တွေ့ရှိရပါတယ်။ ဒီ့အတွက် ကျွန်တော်တို့နိုင်ငံမှာလည်းပဲ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးမှုအတွက် ယခင့်ယခင်ကာလများကတည်းက စီမံကိန်းများချမှတ်ပြီးတော့ ဆောင်ရွက်ခဲ့ကြတာကိုတွေ့ရှိရပါတယ်။ ဥပမာအားဖြင့်ထင်သာမြင်သာရှိတဲ့ ပထမစီမံကိန်းဟာ National ICT Master Plan 2005 to 2010 ဖြစ်ပါတယ်။ ဒီစီမံကိန်းကို မြန်မာနိုင်ငံအစိုးရနှင့် ကိုရီးယားနိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ ICT ကွန်ယက်တွေ တည်ဆောက်တာ၊ ICT လုပ်ငန်းတွေကို တိုးတက်အောင်လုပ်တာ၊ ICT လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးအောင်လုပ်တာ၊ ထို့အတူပဲ E- Government , E- Commerce, E-Education စသည်ဖြင့် ပညာရေး၊ ကျန်းမာရေးစသည့်ကိစ္စများကို ဆောင်ရွက်တဲ့ Legal Frame Work ဆိုတဲ့နည်းဥပဒေပိုင်းတွေကို ဆောင်ရွက်တာနဲ့ ICT Standardization ဆိုတဲ့ စံပြုအသုံးအနှုန်းမှုတွေကိုပါဝင်ခဲ့ပါတယ်။ ဒီစီမံကိန်းအကောင်အထည်ဖော်

ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများအနက်ကျွန်တော်တင်ပြခဲ့တဲ့အပိုဒ်(၁)ပါ I CT Infrastructure ကွန်ရက်တည်ဆောက်ခြင်းအပိုင်းကိုပြန်လည်ပြီးတော့ လေ့လာသုံးသပ်တဲ့အခါမှာ ဘဏ္ဍာငွေရရှိတဲ့အချိန်ဖြင့် ကျေနပ်ဖွယ်ရာကောင်းတဲ့အထိ အကောင်အထည်ဖော်နိုင်ခဲ့တယ်လို့ သုံးသပ်ရရှိပါတယ်။ တစ်နိုင်ငံလုံးနီးပါး Fiber Optic Cable များခင်းခြင်း၊ Microwave ဆက်ကြောင်းများတည်ဆောက်ခြင်း၊ Fiber Optic Cable နှင့် Microwave လက်လှမ်းမမီတဲ့နေရာတွေမှာ ဂြိုလ်တုဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် Infrastructure တွေကိုတည်ဆောက်နိုင်ခဲ့ပါတယ်။ ICT Industry နှင့် ICT လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမှာလည်း သင့်တင့်စွာဆောင်ရွက်နိုင်ကြောင်း သုံးသပ်ရရှိခဲ့ပါတယ်။ ဥပမာအားဖြင့် ရန်ကုန်မြို့မှာ Myanmar Info-Tech လို၊ ပြင်ဦးလွင်မှာ ရတနာပုံ Teleport လို စတဲ့ ICT Industry လုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်တဲ့နေရာတွေဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီကတဆင့် ICT Human Resources Development ဆိုတဲ့ ICT လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခဲ့တဲ့အတွက် ပြည်တွင်းမှာ၊ ပြည်သူတွေအတွင်းမှာ ICT Awareness ပိုမိုရှိလာပြီးတော့ ဒီကဏ္ဍအပေါ်မှာ အထူးသဖြင့် လူငယ်၊ လူလတ်များဟာ ပိုမိုစိတ်ဝင်စားမှုများပြားလာခဲ့ကြောင်း လေ့လာသုံးသပ်ရရှိပါတယ်။ ဒီဟာကိုမှန်ကန်တယ်ဆိုတာလည်း ယနေ့ထုတ်ဂျာနယ်အားလုံးလိုလိုမှာ ဒီကဏ္ဍနဲ့ပတ်သက်တဲ့စာမျက်နှာဟာ မဖြစ်မနေထည့်သွင်းရေးသားလာကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

E- Government , E- Commerce, E-Education ကဏ္ဍအပိုင်းမှာတော့ ရိုးရှင်းစွာတင်ပြရမယ်ဆိုရင် ထိရောက်အောင်မြင်မှုကန့်သတ်ချက်ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်အနေဖြင့် Master Plan ပါအတိုင်း အခြေခံကွန်ရက်တွေတည်ဆောက်ပေးတယ်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ICT Awareness ရှိအောင်ဆောင်ရွက်ပေးမှု၊ လက်တွေ့အသုံးချမှုအတွက် ဝန်ကြီးဌာနတွေမှာ EDMS လို့ခေါ်တဲ့ (Electronic Document Management System)နှင့် GPMS လို့ခေါ်တဲ့(Government Personal Management System)စတဲ့စနစ်တွေအတွက် Serverတွေ Online တွေ၊ ချိတ်ဆက်မှုတွေဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါပေမယ့် ဒီစနစ်အပေါ်အသုံးချမှုပိုင်းမှာ အားနည်းတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဘာကြောင့်ဒီလိုဖြစ်ရသလဲလို့သုံးသပ်လေ့လာကြည့်တဲ့ အခါကြတော့ ကျွန်တော်တို့တွေ့ရှိရတာတွေကတော့ နံပါတ်(၁)အနေနဲ့ ဌာနဆိုင်ရာရောအားလုံးအတွင်းမှာပါ သတင်းဆက်သွယ်မှုနည်းပညာဆိုင်ရာ Awareness ၊ ICT Awareness လိုအပ်နေသေးတာ။ နောက်

အားလုံးအတွင်းမှာ ICT လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် ကန့်သတ်ချက်ရှိနေသေးတာ၊ နောက်အရေးကြီးတဲ့တစ်ချက်ကတော့ ဌာနဆိုင်ရာမှာရော၊ ပုဂ္ဂလိကမှာပါ ဘဏ္ဍာငွေသုံးစွဲနိုင်မှုခေါင်းစဉ် သီးခြားလိုအပ်နေသေးတာ၊ နောက် Electronic Business လို့ဆိုတဲ့ Online Business တွေဖြစ်ပေါ်ထွန်းကားမှုအားနည်းသေးတာနဲ့၊ နောက်တစ်ချက်ကတော့ သမရိုးကျနည်းပညာကိုသုံးနေတဲ့ အခြေအနေကနေပြီးတော့ နည်းပညာအသစ်ဖြစ်တဲ့ E- Government ဆိုတဲ့စနစ်ကိုပြောင်းလဲ ကျင့်သုံးမှုမှာလက်ခံနိုင်မှုအားနည်းသေးတာနဲ့ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကပိုင်းမှာ Online အသုံးပြုရမယ့် အခြေခံပစ္စည်းများ ကျောထောက်နောက်ခံတောင့်တင်းမှုကန့်သတ်ချက်ရှိနေတာကြောင့်ဖြစ်တယ်လို့ သုံးသပ်ရရှိခဲ့ပါတယ်။ ဒါကြောင့်လည်းပဲ ဒီစနစ်ကိုထပ်မံပြီးတော့ ပိုပိုပြင်ပြင်အကောင်အထည်ဖော် နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်ဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနဲ့ တခြားဝန်ကြီးဌာနများအားလုံးပူးပေါင်းပြီးတော့ ပုဂ္ဂလိကပိုင်းမှာပါဝင် စေပြီးတော့ E-Government လုပ်ငန်းစဉ်များအရှိန်အဟုန်မြှင့်တင်ရေးဆွေးနွေးပွဲကိုထပ်မံပြီးတော့ ဆွေးနွေးကျင်းပပြုလုပ်ပြီးသုံးသပ်ခဲ့ကြပါတယ်။

ဒီလိုသုံးသပ်ခဲ့တဲ့အခါမှာ ဒီစနစ်အောင်မြင်ဖို့ဆိုရင် ပထမဦးဆုံးလုပ်ရမယ့်အချက်က မူဝါဒ ဆိုင်ရာပေါင်းစပ်ကြီးကြပ်ပေးနိုင်မည့် ဦးဆောင်ကော်မတီ Steering Committee တစ်ရပ်ထားရှိဖို့၊ နောက် E-Government လုပ်ငန်းတွေအရှိန်အဟုန်မြှင့်တင်နိုင်ဖို့အတွက် နိုင်ငံတော်အဆင့်မှ ဦးဆောင်တဲ့ E-Government စီမံကိန်း Project များကိုထပ်မံပြီးတော့ဆောင်ရွက်ဖို့၊ E- Government လုပ်ငန်းတွေအောင်မြင်ဖို့အတွက် ဝန်ကြီးဌာနတွေမှာ CIO (Chief Information Officer) တွေခန့်အပ်ပေးထားပါတယ်။ သူတို့အနေနဲ့ ဘဏ္ဍာငွေကြေးသုံးစွဲနိုင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှုစတဲ့ လုပ်ပိုင်ခွင့်တွေကိုသတ်မှတ်ပေးဖို့နဲ့ နှစ်စဉ်ဝန်ကြီးဌာနအသီးသီးကိုလည်း နိုင်ငံတော်ကနေပြီးတော့ ဘဏ္ဍာငွေ အသုံးစရိတ်မှာ IT ကိစ္စများနဲ့ပတ်သက်ပြီးတော့ လုပ်ငန်းများအကောင်အထည်ဖော်နိုင်ဖို့အတွက် ဘတ်ဂျက်အသုံးစရိတ်ကို သင့်တင့်တဲ့အချိုးလျာထားသတ်မှတ်ပေးဖို့နဲ့၊ နောက်အဖွဲ့အစည်းအသီးသီးရဲ့ E-Government လုပ်ငန်းစဉ်တွေ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ Legal Framework ဆိုတဲ့ဟာကို နိုင်ငံတော်အဆင့်ဦးဆောင်အဖွဲ့အစည်းတစ်ရပ်ရပ်မှ အတည်ပြုပြီးတော့ သတ်မှတ်သုံးစွဲရေးဆွဲသွားဖို့ဆိုတဲ့အချက်တွေရယ်၊ နောက်အဖွဲ့အစည်းအသီးသီးရဲ့ E- Government ဆောင်ရွက်မှုအခြေအနေကို အမြဲမပြတ်သုံးသပ်နိုင်တဲ့ E- Government Monitoring Mechanism

တစ်ခုကိုအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာ Ministry တွေမှာထားရှိပြီးတော့ Monitor လုပ်သွားဖို့ဆိုတဲ့ဟာတွေကို ဆွေးနွေးသုံးသပ်ရရှိခဲ့ပါတယ်။ ဘာ့ကြောင့်ဒီလို Monitor လုပ်ရသလဲလို့ဆိုရင် E- Government ဆောင်ရွက်တဲ့အခါမှာတွေ့ကြုံလာရတာက အချို့သောဌာနဆိုင်ရာဝန်ထမ်းများနဲ့ ပုဂ္ဂလိကဝန်ထမ်းများ အချို့ဟာ E- Government နဲ့ပတ်သက်ပြီးတော့ဆောင်ရွက်လိုတဲ့ စိတ်ထားနည်းတဲ့သူများကိုလည်း တွေ့ရှိရပါတယ်။ ဘာ့ကြောင့်နည်းသလဲလို့သုံးသပ်ကြည့်တဲ့အခါမှာ E- Government ဟာ ကိုယ်စားလှယ်တော်ကြီးဆွေးနွေးတဲ့ နည်းပညာအသစ်ဖြစ်တဲ့ ICT ကိုအသုံးပြုထားပါတယ်။ ခေတ်မီနည်းပညာဖြစ်ပါတယ်။ အဲဒီအခါမှာ နည်းပညာအဟောင်း၊ ခေတ်နောက်ကျနေတဲ့နည်းပညာကိုပဲ တတ်မြောက်ကျွမ်းကျင်ကြသူများအဖို့ E- Government နည်းပညာအသစ်ကြောင့် သူတို့ရဲ့အလုပ်အကိုင်အခွင့်အလမ်းလျော့သွားမှာ၊ ပျောက်သွားမှာစိုးရိမ်ပြီးတော့ E- Government ဆောင်ရွက်လိုစိတ်အားနည်းမှုဟာလည်း ကျော်လွှားရမယ့်ကန့်သတ်ချက်တစ်ခုလို့သုံးသပ်ရရှိခဲ့ပါတယ်။ တကယ်တော့ E-Government စနစ်ဆိုတာ နိုင်ငံတော်အစိုးရကသာလုပ်ကိုင်ဆောင်ရွက်ရတဲ့ စနစ်မဟုတ်ပါဘူးလို့ တင်ပြလိုပါတယ်။ Government ဆိုတာကိုက အစိုးရနဲ့ပြည်သူဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပြီးဖြစ်ပါတယ်။ ဒါကြောင့် E-Government လုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့အခါမှာ ပြည်သူများကလည်းအရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်နေတာကိုတွေ့ရပါတယ်။ ပြည်သူများထဲက ပုဂ္ဂလိကကဏ္ဍရဲ့ ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ လူအင်အား၊ နည်းပညာဖောက်သည်များအပေါ် ဝန်ဆောင်မှုဖောက်သည်များရဲ့လိုအပ်ချက်ကိုပြန်လည်ဖြည့်ဆည်းပေးမှုမှာ ပိုမိုလျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်တာကိုပုဂ္ဂလိကပိုင်းမှာတွေ့ရှိရပါတယ်။ ဒ့ါကြောင့် ပြည်သူများအပိုင်း၊ ပုဂ္ဂလိက အပိုင်းက E-Government အကောင်အထည်ဖော်တဲ့အခါမှာ ပူးပေါင်းပါဝင်ဆောင်ရွက်မယ်ဆိုရင် ပိုမိုပြီးတော့လျင်မြန်စွာအောင်မြင်နိုင်မှာဖြစ်ကြောင်းတင်ပြလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ E-Government စနစ်ဟာစဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင်အမြဲဆောင်ရွက်ရတဲ့စနစ်ဖြစ်ပါတယ်။ ဒ့ါကြောင့် ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်တော်ကြီး ဦးမျိုးဆွေ မေးထားတဲ့အဖြေကိုဆက်ပြီးတော့ လက်ရှိဆောင်ရွက်မှုကို တင်ပြသွားပါမယ်။ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်မှုနဲ့ ပတ်သက်ပြီးတော့ ICT Master Plan ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ၂၀၀၅-၂၀၁၀ ကိုရေးဆွဲပြီးတဲ့အခါမှာ ယခု ICT Master Plan

၂၀၁၁-၂၀၁၅ ကို ဆက်သွယ်ရေး၊ စာတိုက်နဲ့ကြေးနန်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနများနဲ့ ပုဂ္ဂလိကကဏ္ဍမှပညာရှင်များ နောက်၊ ကိုရီးယားနိုင်ငံမှ ပညာရှင်များနဲ့ ပူးပေါင်းပြီးတော့ ၁၈-၇-၂၀၁၁ ရက်နေ့မှာ ထပ်မံရေးဆွဲလက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ဒီ Master Plan မှာ ကျွန်တော်တို့ဆောင်ရွက်ဖို့သတ်မှတ်ခဲ့တာကတော့ ရှိပြီးသား Inform structure ကိုအရည်အသွေးမြှင့်တင်ဖို့ ICT Industry ကို ယခုထက်ပိုမိုပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့နဲ့ ကျွန်တော်တို့ရဲ့လူသားအရင်းအမြစ်တွေကို ICT နည်းပညာပိုမိုပြီးတော့ ကျွန်တော်တို့တတ်မြောက်အောင်ဆောင်ရွက်ဖို့နဲ့ အထူးသဖြင့် E- Education လို့ခေါ်တဲ့ အခြေခံပညာအဆင့်မှစ၍ လူငယ်များဟာ ICTနဲ့ ထိတွေ့သင်ကြားနိုင်ရေးတို့ကို ကျွန်တော်တို့ အထူးအလေးပေးပြီးတော့ရေးဆွဲခဲ့ပါတယ်။ ထို့အတူပဲ ဥပဒေပိုင်းနဲ့ပတ်သက်ပြီးတော့ ခေတ်မမီတော့တဲ့ ဥပဒေများကိုပြင်ဆင်နိုင်ဖို့အတွက် မူကြမ်းများရေးဆွဲပြီးတော့ ရှေ့နေချုပ်ရုံးကို တင်ပြခဲ့တာမှာ လျင်မြန်စွာတိုးတက်ပြောင်းလဲလာတဲ့ နည်းပညာအခြေအနေအရ ထပ်မံဖြည့်စွက်ရန် လိုအပ်ချက်တွေကို ဌာနအနေဖြင့်ထပ်မံဖြည့်စွက်နိုင်ဖို့ဆိုတဲ့မှတ်ချက်နဲ့ ကျွန်တော်တို့ဆီကို ပြန်လည်ရောက်ရှိလာတဲ့အတွက် ခေတ်နဲ့လျော်ညီတဲ့ဥပဒေဖြစ်ဖို့အတွက် မှတ်ချက်ပါအတိုင်း ထပ်မံ ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ Telecom Infra Structure ခိုင်မာတောင့်တင်းဖို့ အတွက် Tele Density တိုးတက်စေဖို့ကိုလည်း မိုဘိုင်းဖုန်းတို့ချဲ့တပ်ဆင်ရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်နေတာကိုသိရှိကြပြီးဖြစ်ပါတယ်။ ထို့အတူပဲ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက် အရ Online E- Banking စနစ် ကျွန်တော် On Line ပေါ်ကနေပြီးတော့ ဘဏ်လုပ်ငန်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိရာမှာ လောလောဆယ်မြန်မာ့ စီးပွားရေးဘဏ်၊ Asia Green Development ဘဏ်၊ အဲဒီဘဏ်တွေနဲ့ပူးပေါင်းပြီးတော့ On Line တယ်လီဖုန်းပေးမယ့်စနစ်ကို ဆောင်ရွက်နေပါတယ်။ ဘဏ်နှစ်ခုပေါင်းမယ်ဆိုရင် User ၄၀၀၀ ကျော်ခန့်ရှိပါတယ်။ ဆက်လက် ပြီးတော့လည်း ဌာနဆိုင်ရာနဲ့ ပုဂ္ဂလိကဘဏ် စုစုပေါင်း ကိုးခုနဲ့ ကျွန်တော်တို့ဆက်လက် ဆောင်ရွက်သွားဖို့ ဆွေးနွေးလျက်ရှိပါတယ်။

ထို့အတူပဲ လျှပ်စစ်မီတာခများကိုလည်းပဲသွားရောက်တန်းစီပြီးတော့ပေးဆောင်နေရတဲ့အခြေ အနေကနေပြီးတော့ On Line နဲ့ပေးဆောင်နိုင်ဖို့အတွက် အမှတ်(၂)လျှပ်စစ်စွမ်းအား

ဝန်ကြီးဌာနအနေနဲ့ On Line ပေးမယ့်၊ Prepaid On Line ပေးမယ့်စနစ်တွေကို ဆောင်ရွက်နေပါတယ်။ ထို့အတူပဲ တယ်လီဖုန်းမှာလည်းပဲ လိုင်းဖုန်းတွေ၊ တခြားကျွန်တော်တို့ တန်းစီပြီးတော့ အခွန်ဆောင်နေရတဲ့ တယ်လီဖုန်းတွေအတွက် Prepaid Top Up Card နဲ့ On Line စနစ်တွေကို ဒီဇင်ဘာလလောက်မှာ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဆောင်ရွက်မယ့်အစီအမံတွေနဲ့ ITU ဆိုတဲ့ နိုင်ငံတကာဆက်သွယ်ရေးအဖွဲ့အစည်းရဲ့နည်းပညာ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် Wireless Broad Band Masterplan တစ်ရပ်ရေးဆွဲနိုင်ဖို့ အတွက် ကျွန်တော်တို့ရဲ့နိုင်ငံကို Pilot Country အဖြစ်သတ်မှတ်ထားတဲ့အတွက် ကျွန်တော်တို့ ရှေ့လထဲမှာ Masterplan ကို ရေးဆွဲသွားမှာဖြစ်ပါတယ်။ အခြားအစီအမံအနေနဲ့ ASEAN ICT Masterplan ၂၀၁၅ ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှာ မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့တဲ့ ICT ASEAN Telecom ဝန်ကြီးများအစည်းအဝေးမှာ ကျွန်တော်တို့ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီဆွေးနွေးဆုံးဖြတ်ချက်ထဲမှာ ဝန်ကြီးများ၊ ဆွေးနွေးဆုံးဖြတ်ချက်ထဲမှာပါဝင်တာကတော့ ကျွန်တော်တို့ ASEAN နိုင်ငံများအားလုံးဟာ ICT ဖြင့် စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ခြင်း(Economic Transformation)၊ ICT လုပ်ငန်းများမှာ ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် ဖန်တီးပေးခြင်း၊ ICT ဖြင့် ဆန်းသစ်တီထွင်မှုများကို ဆောင်ရွက်ခြင်း၊ ICT အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းနဲ့ ICT လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ICT နည်းပညာကွာဟမှုလျော့နည်းစေဖို့အတွက် ဆောင်ရွက်ခြင်းစတဲ့ ဒီအချက်ခြောက်ချက်ကို အာဆီယံနိုင်ငံဝန်ကြီးများအဆင့်အစည်းအဝေးမှာ ဆုံးဖြတ်ခဲ့ကြပြီးတော့ ဒီအချက်ခြောက်ချက်ဟာ ၂၀၁၅ အထိ လုပ်ကိုင်ဆောင်ရွက်ရမယ့်အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ ICT Masterplan ပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒီအချက်တွေကို ဆွေးနွေးအကောင်အထည်ဖော်သွားကြဖို့ အတွက် ကျွန်တော်တို့နိုင်ငံမှာလည်းပဲ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ၊ လာမယ့်ဒီဇင်ဘာလမှာ ကျင်းပပြုလုပ်မယ့် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးနဲ့ ၁၁ ကြိမ်မြောက် အာဆီယံဆက်သွယ်ရေး၊ သတင်းအချက်အလက် နည်းပညာဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပပြီးတော့ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ အဲဒီအချက်တွေကိုအကောင်အထည်ဖော်ရေးအတွက်

ထပ်မံဆွေးနွေးသွားမှာဖြစ်ပြီးတော့ ဒီဆွေးနွေးပွဲမှာအထူးပြုပြီး ကျွန်တော်တို့နိုင်ငံမှာဆွေးနွေးသွားမှာကတော့ ASEAN ICT Masterplan 2015 မှာပါတဲ့ စီမံကိန်းတွေကို လက်တွေ့အကောင်အထည်ဖော်သွားကြဖို့ ASEAN အဖွဲ့ဝင် နိုင်ငံတစ်ခုစီမှာဖြစ်ပေါ်နေတဲ့ နည်းပညာကွာဟမှု၊ ဆင်းရဲချမ်းသာကွာဟမှုကို ICT နည်းပညာအထောက်အကူအဖြစ် ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မလဲဆိုတဲ့ နည်းလမ်းများကိုရှာဖွေသွားဖို့နဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း ASEAN ECONOMIC COMMUNITY (AEC) ၂၀၁၅ ခုနှစ်မှာ အပြည့်အဝအကောင်အထည်ဖော်ရာမှာ ကျွန်တော်တို့ ICT နည်းပညာဖြင့် ဘယ်လိုအထောက်အကူပေးနိုင်မလဲဆိုတဲ့ နည်းလမ်းများကို စုပေါင်းရှာဖွေဆွေးနွေးဆုံးဖြတ်သွားကြဖို့ဖြစ်ပါတယ်။ ထို့အတူပဲ ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတရုံးကလည်းပဲ ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများ၊ ပညာရှင်များပါတဲ့ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီကောင်စီရဲ့ အစည်းအဝေးကိုလည်းကျင်းပခဲ့ပါတယ်။ အဲဒီလို ကျင်းပခဲ့သလို ကွန်ပျူတာအသင်းချုပ်များရဲ့ နှစ်ပတ်လည်ညီလာခံကိုလည်း ထပ်မံပြီးတော့ ကျင်းပခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးမှာ မျိုးဆက်သစ်များရဲ့ IT နည်းပညာဖွံ့ဖြိုးမှုပိုမိုတိုးတက်စေရန်အတွက် ကွန်ပျူတာနည်းပညာကိုအခြေခံပညာမှစ၍ သင်ကြားနိုင်ရေးအတွက်ကို ပညာရေးဝန်ကြီးဌာနကနေပြီးတော့ အဆိုတင်သွင်းစတင်ဆွေးနွေးပြီးတော့ ကျွန်တော်တို့ ကောင်စီဝင်များနဲ့ ပုဂ္ဂလိကပိုင်းမှဆွေးနွေး၍ ဒီဟာကိုဆောင်ရွက်သင့်ကြောင်းကို ကွန်ပျူတာနည်းပညာဖွံ့ဖြိုးရေးကောင်စီအနေနဲ့ ကျွန်တော်တို့ မှတ်တမ်းတင်ခဲ့ကြပါတယ်။

ထို့အတူပဲ IT နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းပဲ ဝန်ကြီးဌာနများရဲ့ ငွေလုံးငွေရင်းမှာ သင့်လျော်တဲ့ ဘဏ္ဍာငွေကြေးသတ်မှတ်ပေးဖို့အတွက်လည်းပဲ ဒီမှာ ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ဒီအချက်တွေကိုပဲကျွန်တော်တို့ ကွန်ပျူတာအသင်းချုပ်များရဲ့ နှစ်ပတ်လည်ညီလာခံကိုတက်ရောက်တဲ့အခါကြတော့ အသင်းချုပ်များလေးသင်းဟာလည်းပဲ ဒီ

အချက်တွေကိုပဲ ကျွန်တော်တို့ဦးစားပေးဆွေးနွေးကြတာကိုတွေ့ရှိခဲ့ရပါတယ်။ ဒီအချက်နှစ်ချက်စလုံးဟာ မြန်မာနိုင်ငံ ICT နည်းပညာဖွံ့ဖြိုးရေး ICT နည်းပညာအသုံးပြုမှု၊ New Economy လို့ခေါ်တဲ့ Digital Economy ဖြင့်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက်အကူပြုဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ဒီ New Economy လို့ခေါ်တဲ့ Digital Economy ဟာ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုလို့ခေါ်တဲ့ လူသားရဲ့အသိပညာကိုတိုးတက်အောင်ဆောင်ရွက်ပြီး၊ လူသားရဲ့စိတ်ကူးစိတ်သန်းများ ဖန်တီးဆန်းသစ်မှုများကို စီးပွားရေးအနေအထားဖြင့် ကူးပြောင်းဆောင်ရွက်တဲ့စီပွားရေးစနစ်ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နိုင်ငံတွေရဲ့စီးပွားရေးဟာ ကမ္ဘာမှာရှေ့တန်းရောက်ရှိနေတာကိုလည်း ကိုယ်စားလှယ်တော်ကြီးများအားလုံးအသိပဲဖြစ်ပါတယ်။ ဥပမာ-အားဖြင့် Isral, Singapore ,Taiwan, Korea စသည်ဖြင့် သဘာဝသယံဇာတနည်းပါးသော်လည်းပဲ အခုနကပြောတဲ့ New Economy မှာအားသန်တဲ့အတွက် ကမ္ဘာမှာစီးပွားရေးမှာ ရှေ့တန်းရောက်ရှိနေတယ်လို့သုံးသပ်ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနဲ့ ကျွန်တော်တို့အားလုံးရဲ့ ဆန္ဒဟာလည်းပဲ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့မျိုးဆက်သစ်များကို အဲဒီနိုင်ငံများလို အဲဒီနိုင်ငံများမှာရှိတဲ့လူသားအရင်းအမြစ်များလိုပဲ ကျွန်တော်တို့မျိုးဆက်သစ်များကို ကျွန်တော်တို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုကြတာအမှန်ပဲဖြစ်ပါတယ်။

တစ်နည်းအားဖြင့်ပြောရရင် ပြည်သူတွေကိုကိုယ်စားပြုထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနဲ့ ကျွန်တော်တို့ရဲ့ဆန္ဒဟာ ပြည်သူတွေရဲ့ဆန္ဒလို့ပဲ ကျွန်တော်တင်ပြလိုပါတယ်။ ဒါ့ကြောင့် ကျွန်တော်တင်ပြလိုတာကတော့ တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေအပါအဝင်ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ကျွန်တော်တို့ရဲ့ နိုင်ငံနဲ့ ကျွန်တော်တို့ရဲ့နိုင်ငံမှမျိုးဆက်သစ်လူငယ်များ ICT နည်းပညာကဏ္ဍမှာပိုမိုဖွံ့ဖြိုးတိုးတက်ပြီးတော့ အခြားကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေဖို့နဲ့ ပြည်သူတွေရဲ့ရင်ပေါင်တန်းနိုင်စေဖို့ဆိုတဲ့ ကျွန်တော်တို့ရဲ့ ဆန⊞ဒ၊ ပြည်သူတွေရဲ့ဆန္ဒကို အကောင်အထည်ဖော်ပေးနိုင်ဖို့အတွက် ကျွန်တော်တင်ပြခဲ့တဲ့ အခြေခံပညာမှစ၍ ကွန်ပျူတာနည်းပညာကိုသင်ကြားနိုင်ရေး ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများရဲ့ဘတ်ဂျက်မှာ ICT တိုးတက်ဖို့အတွက် ပိုမိုပြီးတော့အသုံးပြုနိုင်ရေးအတွက် သင့်လျော်တဲ့ဘဏ္ဍာငွေကြေးရာခိုင်နှုန်းသတ်မှတ်ပေးရေးတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများမှ

အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း စသည်တို့ကိုဆောင်ရွက်သင့်ပါကြောင်း ဂါရဝတရား ရှေ့ထား၍ လေးစားစွာအကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ဆက်လက်၍ ရှမ်းပြည်နယ်၊ မိုင်းခတ်၊ မိုင်းဆတ်မဲဆန္ဒနယ်နှင့် ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ ဦးစဲကီကော်၊ ဦးစိုင်းခတ္တိယနဲ့ ဦးသိန်းရီတို့ရဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကိုယ်တိုင်လည်းပဲ မိုင်းခတ်၊ မိုင်းဆတ်၊ မိုင်းယန်းဒေသများမှာ ကာလအတော်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့ဘူးတဲ့အတွက် ဆက်သွယ်မှုလိုအပ်ချက်ကို ကျွန်တော် ခံစားသဘောပေါက်နိုင်ပါကြောင်း ပဏာမတင်ပြလိုပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်း၊ မိုင်းခတ်မြို့မှာ လိုင်း ၅၀ ပါ တရုတ်နိုင်ငံလုပ်လက်လှည့်အိတ်ချိန်းတစ်ခုစီ တပ်ဆင်ထားပြီးတော့မှ မိုင်းယန်းမြို့မှာ လိုင်းခွဲ တယ်လီဖုန်းကိုးလုံး၊ မိုင်းခတ်မြို့မှာ လိုင်းခွဲတယ်လီဖုန်း ၄၉ လုံးတပ်ဆင်ထားပါတယ်။ အဝေးဆက်သွယ်မှုအတွက် လွယ်မွေမိုက္ကရိုမှတစ်ဆင့် တယ်လီဖုန်း လေးလုံးစီတပ်ဆင်ထားတာဖြစ်ပါတယ်။ မြို့လျှပ်စစ်မီးအခြေအနေပေါ်မူတည်ပြီးတော့မှ ကျွန်တော်တို့ ညရှစ်နာရီအထိဖွင့်လှစ်အသုံးပြုတာဖြစ်ပါတယ်။ လိုအပ်လို့ရှိရင်ကျွန်တော်တို့က ဆက်လက်ပြီးတော့ ၂၄ နာရီ ဖွင့်လှစ်အသုံးပြုနိုင်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် အဓိကနေရာကနေပါဝင်အထောက်အကူပြုရမယ်လို့ သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ ကျေးလက်ရယ်၊ မြို့ပြရယ်ဆိုပြီးတော့မခွဲခြားဘဲ ယခင်ကတည်းကပဲ မိုဘိုင်းတယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့တာကို သိရှိပြီးဖြစ်ပါမယ် ခင်ဗျာ။ ဦးတင်ဝင်းနဲ့ ဦးစဲကီးကော်တို့ရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ မိုင်းယန်း၊ မိုင်းခတ်မြို့များမှာ ဒီဟာလည်းပဲ ကျွန်တော်တို့လွယ်မီးကနေပြီးတော့ ကျိုင်းတုံ-လွယ်မီး၊ လွယ်မီး-မိုင်းခတ်၊ လွယ်မီး-မိုင်းယန်းကို အဲဒီမှတစ်ဆင့်ဆက်ကြောင်းထိုးပြီးတော့ ဆက်သွယ်ဆောင်ရွက်တာဖြစ်ပါတယ်။ ယခုဆိုရင် ကျွန်တော်တို့စမ်းသပ်ဆက်သွယ်ဆောင်ရွက်တဲ့ အဆင့်ဖြစ်နေပြီးဖြစ်ပါတယ်။ ဒီအတွက် CDMA-450 စနစ်ကိုမကြာမီမှာ စမ်းသပ်မှုအဆင့်ကျော်လွန်ပြီးတော့ တကယ်ကျွန်တော်တို့ ၂၄ နာရီအသုံးပြုနိုင်တော့မှာဖြစ်ကြောင်းတင်ပြပါတယ်။ ခုနလည်းပဲ ကျွန်တော်တို့ မေးခွန်းရှင် ကနေပြီးတော့ စမ်းသပ်ဆက်သွယ်နေပြီဆိုတာ ကျွန်တော်တို့တင်ပြသွားပြီးဖြစ်ပါတယ်။ ဦးတင်ဝင်းရဲ့

တတိယမေးခွန်းဖြစ်တဲ့ မိုင်းယန်းမြို့မှာ GSM Mobile တယ်လီဖုန်းတပ်ဆင်ချထားရေးနဲ့ ပတ်သက်ပြီးတော့ မိုင်းယန်းမြို့မှာ GSM လိုင်း ၃၀၀၀ တပ်ဆင်ခြင်းလုပ်ငန်းကို GSM မိုဘိုင်း တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းပထမနှစ်၊ ယခုနှစ်ဖြစ်ပါတယ်။ ဒုတိယအဆင့်မှာ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ မိုင်းဆတ်မြို့မှာ GSM လိုင်း၃၀၀၀ တပ်ဆင်ခြင်း လုပ်ငန်းကို GSM မိုဘိုင်းတိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း ပထမနှစ်ရဲ့ ပထမအဆင့် ယခုစတင်ပြီးတော့ ကျွန်တော်တို့ Site Survey ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပထမနှစ်ရဲ့ ပထမအဆင့်မှာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့ အဲဒီမြို့ မှာပါပဲ။ CDMA-450 လိုင်း ၇၅၀ တပ်ဆင်ခြင်းလုပ်ငန်းကိုလည်းပဲ စက်ပစ္စည်းများစတင်ပြီး ပို့ဆောင်နေပြီးဖြစ်ပြီးတော့ အောက်တိုဘာလ ပထမအပတ်မှာ စက်ပစ္စည်းများတပ်ဆင်ပြီးတာနဲ့ အောက်တိုဘာလကုန်လောက်မှာမိုင်းဆတ်မြို့မှာ CDMA-450 တယ်လီဖုန်းကိုစတင်အသုံးပြုနိုင်မှာ ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။

ရန်ကုန် တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ထန်းတပင်မြို့မှာ GSM လိုင်း ၆၀၀၀ တပ်ဆင်ခြင်းလုပ်ငန်းကို ယခုစီမံကိန်းပထမနှစ်ရဲ့ တတိယအဆင့်မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ ဖြေကြားအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တယ်လီဖုန်း ဆက်သွယ်မှုတစ်ခုဟာ လုပ်ငန်းတစ်ခုကိုပြီးမြောက်စေနိုင်တယ်လို့အဆိုဖြင့် ကမ္ဘာမှာပြောဆို ဆက်သွယ်နေကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ တယ်လီဖုန်းဆက်သွယ်မှုတစ်ခုဟာ လုပ်ငန်း တစ်ခုကိုပြီးမြောက်စေရုံသာမကပါဘူး။ အတွေ့အကြုံအရ သဘာဝဘေးအန္တရာယ်နှင့်မမျှော်လင့်တဲ့ အဖြစ်အပျက်ကိစ္စတွေကိုလည်းပဲ၊ လျော့ပါး၊ ကျော်လွှား၊ သက်သာနိုင်စေခဲ့တာကို ၂၀၀၈ ခုနှစ် ၂၀၁၀ ခုနှစ်တို့မှာတိုက်ခတ်ခဲ့တဲ့ နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်းစတဲ့ သဘာဝဘေးအန္တရာယ်တွေမှာလည်းပဲ တယ်လီဖုန်းဆက်သွယ်မှုများကြောင့်လျော့ပါးသက်သာပြီးတော့ လူများစွာရဲ့အခက်အခဲများကို ဖြေရှင်းပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ထို့အတူပဲ သိပ်မကြာခင်ကဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံမြောက်ဖျား ရေခဲတောင်ဒေသမှာလည်းပဲ မမျှော်လင့်ဘဲဖြစ်ခဲ့တဲ့အဖြစ်အပျက်တစ်ခုမှာ တယ်လီဖုန်းခေါ်ဆိုမှု

တစ်ခုဟာ သက်ဆိုင်သူတွေရဲ့ရှင်သန်ရပ်တည်မှုကိုပင် ကြီးမားစွာအထောက်အကူပြုခဲ့တာကို သိရှိကြပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခဲ့တဲ့ဟာလည်းပဲ နိုင်ငံတော်အကြီးအကဲများရဲ့ အမျှော်အမြင်ကြီးမားစွာလမ်းညွှန်မှုထားရှိမှု၊ ဒီဝန်ကြီးဌာနမှာ ကျွန်တော့်အရင်တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ ကြိုတင်မျှော်တွေးဆောင်ရွက်ခဲ့မှုတို့ကြောင့်ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေဖြင့် ၎င်းပုဂ္ဂိုလ်ကြီးများဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်များ၊ အတွေ့အကြုံကောင်းများကိုရယူပြီးတော့ ဒေသအားလုံးနီးပါးမှာ Mobile တယ်လီဖုန်းဆက်သွယ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီဝန်ကြီးဌာနက နည်းနည်းထူးခြားတယ်။ အဆိုတင်သွင်းဖို့အကြံပေးတယ်။ ကျွန်တော်တို့လည်းပြီးခဲ့တဲ့တစ်ပတ်ထဲမှာ ဖာပွန်မဲဆန္ဒနယ်က ဦးစိုင်းသန်းနိုင်တင်ပြတဲ့ ဖာပွန်ရဲ့ဆက်သွယ်ရေးစနစ်လေးလည်း ကောင်း၊ မကောင်းအခြေအနေလေး ဝန်ကြီးတို့ဘက်က ပြန်လည်သုံးသပ်ပြီးတော့ပြန်ကြားပေးဖို့လည်းလိုလားပါတယ်။ အဲဒီနေ့ကတော့ ဦးစိုင်းသန်းနိုင်တင်ပြတဲ့ဆက်သွယ်ရေးက ၂ ခုပါ။ တစ်ခုက လမ်းပန်းဆက်သွယ်ရေး၊ အထူးသဖြင့်တော့ လုံခြုံမှုကင်းမဲ့တဲ့ကိစ္စ၊ နောက်တစ်ခုကတော့ Telecommunication ခက်ခဲတယ်ဆိုတဲ့ကိစ္စ တင်ပြထားတာရှိပါတယ်။ အဲဒါလေးလည်း ဝန်ကြီးတို့ဘက်ကစေတနာထားပြီးတော့ ကြည့်ရှုပြီးတော့ ဆောင်ရွက်ပေးဖို့ ကြုံတုန်းတိုက်တွန်းချင်ပါတယ်။ နောက်ဆက်မယ့်အစီအစဉ်တွေမှာ တင်ပြတာကတော့ အားကစားကိစ္စကျောင်းတွေမှာ ဆောင်ရွက်ဖို့ အဆိုတစ်ရပ် တင်သွင်းသွားပါတယ်။ သို့ရာတွင် ကျောင်းတွေမှာ အားကစားလုပ်ငန်းများဆောင်ရွက်ဖို့ဆိုတဲ့နေရာမှာ အားကစားဝန်ကြီးဌာနတစ်ခုတည်းမဟုတ်ဘဲနဲ့ ပညာရေးဝန်ကြီးဌာနကပါသိရှိဆောင်ရွက်ရမှာဖြစ်တဲ့အတွက် လိုအပ်မယ်ဆိုလို့ရှိရင် တင်ပြချက်၊ ဆွေးနွေးချက်အပေါ်မူတည်ပြီးတော့ ဝန်ကြီးများအနေနဲ့လည်း လိုမယ်ဆိုလို့ရှိရင်တော့ ဝင်ရောက်ဆွေးနွေးပြောကြားပေးဖို့ ကျွန်တော့်အနေနဲ့ကြိုတင်မေတ္တာရပ်ခံပါတယ်။ ဒီနေ့အစည်းအဝေးကို နေ့လယ်စာစားသုံးရန်အတွက် တစ်နာရီခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

«အစည်းအဝေးကိုနေ့လယ်စာသုံးဆောင်ရန် တစ်နာရီခန့်ရပ်နားပါသည်။»

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၂၃ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ ဆောင်ရွက်ရေးမူ တစ်ရပ်ချမှတ်ပေးရန်အဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ် ၈ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေအား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်ရဲ့ကျန်းမာခြင်း၊ စိတ်ရဲ့ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်က ပဲခူးတိုင်း ဒေသကြီး ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ရွှေ ဖြစ်ပါတယ်။ ၂၂-၉-၂၀၁၁ ရက်နေ့၊ မနေ့က ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းရဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကိုထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေးမူ တစ်ရပ်ချမှတ်ပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

အခြေခံပညာရေးရဲ့ဆောင်ပုဒ်ဖြစ်တဲ့ ကာယ၊ ဉာဏ၊ စာရိတ္တနဲ့ ရသ၊ သက်မွေးဘက်စုံ ပညာရေးဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျောင်းသား၊ ကျောင်းသူများကိုပညာသင်ကြားပေးတဲ့အခါမှာ စာပေပညာဖြစ်တဲ့ ဉာဏဆိုတဲ့ ပညာရေးအပြင် ကာယအပါအဝင် အခြားဖွံ့ဖြိုးရေးဘာသာရပ်များ ကိုပါ တွဲဖက်သင်ကြားပေးရပါတယ်။ ကာယပညာဆိုတာ လူ့ရဲ့ကာယခွန်အားနဲ့ စိတ်ခွန်အား နှစ်မျိုးလုံးကိုရအောင် စနစ်တကျဆောင်ရွက်ပေးရတဲ့ ပညာရပ်လည်းဖြစ်ပါတယ်။

နိုင်ငံသားတိုင်းအခြေခံပညာကိုကောင်းစွာတတ်မြောက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တ ကောင်းမွန်သည့် ကာယ၊ ဉာဏလုပ်သားများဖြစ်လာစေရန်ဆိုတာ အခြေခံပညာရေးရဲ့ အဓိကကျတဲ့ ရည်ရွယ်ချက်ထဲက အချက်တစ်ချက်ဖြစ်ပါတယ်။ ဒါ့ကြောင့် အခြေခံပညာကျောင်းများမှာ အခြေခံ

ပညာမူလတန်းမှာဆိုရင် တစ်ပတ်ကို စာသင်ချိန် အကြိမ် ၄၄ ကြိမ်၊ အလယ်တန်းနဲ့ အထက်တန်းမှာဆိုရင်တော့ တစ်ပတ်စာသင်ချိန် ၃၅ ကြိမ်နဲ့ အလယ်တန်းအဆင့်မှာ ၂ ကြိမ်နဲ့ အထက်တန်းအဆင့်မှာ ၁ ကြိမ်ကို ကျွန်တော်တို့ အားကစားအချိန်ကို အချိန်စာရင်းထဲမှာ ထည့်ပြီးတော့ရေးဆွဲသင်ကြားရပါတယ်။ ကာယပညာအချိန်မှာ ကျောင်းသားကျောင်းသူများရဲ့ အသက်အရွယ်နဲ့ ကိုက်ညီတဲ့ကိုယ်လက်လှုပ်ရှားအားကစားနည်းများကို သင်ကြားပေးကြရပါတယ်။ အဲဒီ အားကစားနည်းများကိုစနစ်တကျဖြစ်အောင်ဆိုလို့ရှိရင်လည်း ကာယဆရာ၊ ဆရာမများက စနစ်တကျဖြစ်အောင်သင်ကြားပေးကြရပါတယ်။ အဲဒီမှာဆိုရင် အတန်းထဲကနေပြီးတော့ ကလေး များဟာ အတန်းတွင်းအားကစားပြိုင်ပွဲကနေတစ်ဆင့် ကျောင်းအဆင့်၊ အုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့် စသည်ဖြင့်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခြင်းကနေပြီးတော့ နိုင်ငံတော်အဆင့် နိုင်ငံတော်ဂုဏ်ဆောင်တဲ့ အားကစားသမားများဖြစ်လာနိုင်တဲ့ အခွင့်အရေးများရရှိစေနိုင်ပါတယ်။ လက်ရှိအခြေခံကျောင်းများမှာဖြစ်နေတဲ့အခြေအနေကတော့ အဆိုရှင်ကြီး ဦးထန်းလိန်း ပြောသွား သလိုပဲ ကျောင်းသား၊ ကျောင်းသူများအပိုင်းက ကျောင်းစာသင်ပြီးတော့ ကျောင်းချိန်ပြီးတဲ့အခါ ကြတော့ ကျူရှင်သွားသင်၊ ပြီးရင်အမှတ်ကောင်းကောင်းနဲ့ စာမေးပွဲအောင်ဖို့အတွက်ကို အဓိကထား နေတာဖြစ်တဲ့အတွက် အားကစားအပါအဝင်ကျောင်းဖွံ့ဖြိုးရေး၊ သင်ကြားရေးလုပ်ငန်းတွေမှာဆိုရင် အားနည်းနေကြပါတယ်။ ဆရာ၊ ဆရာမများအပိုင်းကလည်းကြည့်မယ်ဆိုရင် အားကစားကိုသင်နိုင်တဲ့ ကာယဆရာ၊ ဆရာမများ မပြည့်စုံတဲ့အတွက် စနစ်တကျ မသင်ပေးနိုင်ခြင်း၊ အားကစားပစ္စည်း မစုံလင်ခြင်း၊ ကလေးများကစားမယ့်ကစားကွင်းနေရာအခက်အခဲရှိခြင်း၊ ပြိုင်ပွဲတွေပြုလုပ်မယ် ဆိုရင်လည်းပဲ ပြိုင်ပွဲတွေမှာသုံးစွဲရမယ့် ငွေကြေးရန်ပုံငွေမလုံလောက်ခြင်းစတဲ့ အခက်အခဲ များကြောင့် အားကစားကိုသင်ကြားတဲ့အခါ ထိထိရောက်ရောက် သင်ကြားနိုင်မှုအားနည်း နေတယ်ဆိုတာကိုလည်းတွေ့ရပါတယ်။ ဒီကျောင်းသား၊ ကျောင်းသူများထဲမှာလည်းပဲ အားကစား ပါရမီရှင်ကလေးတွေရှိပါတယ်။ တကယ်လို့များ အဲဒီအခက်အခဲတွေ စောစောကပြောခဲ့တဲ့ အခက် အခဲတွေကနေပြီးတော့၊ ကျော်လွှားနိုင်ပြီး အားကစားလုပ်ငန်းများကို ကျောင်းမှာထိထိရောက်ရောက် သင်ကြားပေးနိုင်မည်ဆိုပါက အရည်အသွေးရှိတဲ့ ပါရမီရှင်ကလေးများကိုမြေတောင်မြှောက်ပေးရာ ရောက်ပြီးတော့ အခြေခံကျောင်းများကတစ်ဆင့် သက်ဆိုင်ရာအားကစားသိပ္ပံသင်တန်းကျောင်းများမှာ

ဆက်လက်သင်ကြားနိုင်ခြင်း ကျောင်းအဆင့်ပြိုင်ပွဲများကနေပြီး အုပ်စု၊ မြို့နယ်၊ ခရိုင်၊ တိုင်း ပြိုင်ပွဲများကနေပြီးတော့ အဲဒီထက်ပိုပြီး နိုင်ငံကိုကိုယ်စားပြုနိုင်တဲ့နိုင်ငံတကာပြိုင်ပွဲများမှာ ယှဉ်ပြိုင်နိုင်တဲ့သူများကိုမွေးထုတ်ပေးနိုင်မှာလည်းဖြစ်ပါတယ်။ ဟိုးယခင်တုန်းက မြန်မာဟာ ဆိုလို့ရှိရင် အရှေ့တောင်အာရှမှာ အားကစားနဲ့ပတ်သက်ပြီးတော့ ထိပ်တန်းနေရာတွေမှာရပ်တည် ခဲ့ပါတယ်။ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်စတဲ့ အားကစားနည်းများမှာလည်း နိုင်ငံတကာ ပွဲများမှာ ဂုဏ်ဆောင်တဲ့အားကစားသမားများပေါ်ထွက်လာပြီး နိုင်ငံတော်ရဲ့အားကစားကဏ္ဍ ဟာလည်းပဲ ပြန်လည်ပြီးတော့ဦးမော့လာမှာဖြစ်ပါတယ်။ အဲဒီလိုအောင်မြင်မှုရဖို့ဆိုတာကလည်းပဲ အားကစားနဲ့ဆက်စပ်နေတဲ့ ဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကလိုအပ်ချက်များကို ဖြည့်ဆည်း ကူညီပံ့ပိုးဆောင်ရွက်ပေးမယ်ဆိုရင်တော့ မုချအောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခြေခံ ကျောင်းများမှာ အားကစားလုပ်ငန်းကိုထိထိရောက်ရောက် လက်တွေ့ဆောင်ရွက်နိုင်ရေးမူတစ်ရပ် ချမှတ်ဆောင်ရွက်ပေးရန်ဆိုတဲ့ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းရဲ့ အဆိုကိုထောက်ခံပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ ကိုယ်စိတ် နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမဲဆန္ဒနယ်၊ အင်းလေးဒေသမှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၂ ရက် ကြာသပတေးနေ့တွင် မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထန်းလိန်းတင်သွင်းထားတဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေးမူတစ်ရပ်ချမှတ်ပေးရန်အဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ယခုလက်ရှိသင်ကြားနေသော မြန်မာနိုင်ငံရှိကျောင်းများတွင် တောရော မြို့ပါမကျန် စာသင်ကြားမှုအပိုင်း၊ သင်ယူမှုအပိုင်းများတွင် အင်မတန်မှအားရကျေနပ်ဖွယ် ကောင်းလှပါတယ်။ သို့သော်လည်း ဘက်စုံထူးချွန်သောပညာရေးစနစ်ထူထောင်ရာတွင် အားကစား

ကဏ္ဍတစ်ရပ်ထည့်သွင်းပေးရန် အထူးလိုအပ်လှပါတယ်။ ၁၉၆၄-၁၉၆၅ ခေတ်ကာလ ကျောင်းများတွင် အားကစားမျိုးစုံနှင့်ကာယနည်းပြဆရာတစ်ယောက်ခန့်ထားပေး၍ မနက်ပိုင်း စောစော ကျောင်းမတက်ခင် ၁၀ မိနစ်၊ ၁၅ မိနစ်လောက် ကိုယ်ကာယလေ့ကျင့်ခန်းများ သင်ကြားပြသပေးခြင်း၊ ညနေခင်းကျောင်းဆင်းချိန်တွင် အားကစားဝါသနာပါသောကျောင်းသူ ကျောင်းသားများအား ဘောလုံး၊ ဘော်လီဘော ကစားပုံကစားနည်းများပြသပေးခြင်း၊ အခြားပြေး ခုန်ပစ်အားကစားနည်းများပါမကျန် ဝါသနာအလျောက်လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ ကျောင်း တွင်းမှာလည်း အစိမ်း၊ အနီ၊ အပြာ၊ အဝါ အရောင်လေးမျိုးကို အလောင်းဘုရား၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ ဗန္ဓုလအသင်းများအဖြစ်ဖွဲ့စည်းပေးပြီး အားကစားယှဉ်ပြိုင်စေခဲ့ပါတယ်။ ဒီ့အတွက်ကြောင့် အားကစားစိတ်ဓာတ်များလည်းမြင့်မားစေခဲ့ပါတယ်။ ထိုစဉ်ကာလက ကျောင်းသား ပွဲတော်များလည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ကျင်းပပေးခဲ့ပြီး လက်ရွေးစင်အားကစား သမားများကိုရွေးချယ်ပေးခဲ့ပါတယ်။ သက်ဆိုင်ရာကျောင်းအလိုက် အားကစားစရိတ်များလည်း ကျောင်းသားမိဘများ၏ အားပေးကူညီမှုများဖြင့်ဖူလုံခဲ့ပါတယ်။ တက္ကသိုလ်ဝင်တန်းဖြေဆိုရန်ရှိသော ကျောင်းသားများပင်အားကစားကဏ္ဍများ၌ပါဝင်ယှဉ်ပြိုင်ခဲ့မှုများကြောင့် စာမေးပွဲကျရှုံးမှုများမရှိခဲ့ပါ။ နှစ်ဘာသာ၊ သုံးဘာသာဂုဏ်ထူးများရရှိကာ တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ဆေးတက္ကသိုလ်၊ အင်ဂျင်နီယာကျောင်းများသို့တက်ရောက်ခွင့်ရသောသာဓကများလည်း အမြောက်အမြားပေါ်လွင် ထင်ရှားရှိခဲ့ပါတယ်။

လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကိုဒေသအလိုက် သင့်ရာသင့်ရာလက်တွေ့ဆောင်ရွက်စေခြင်းဖြင့် ပညာရေး သင်ကြားမှုများကိုထိခိုက်နိုင်ခြင်းမရှိသည့်အပြင် တစ်ကျောင်းနှင့်တစ်ကျောင်း အားကစား စိတ်ဓာတ်ဖြင့်စည်းလုံးညီညွတ်မှုရစေခြင်း၊ အသင့်အတင့်ကိုယ်စိတ်နှလုံးသွင်းတတ်ပြီး ကိုယ်စိတ်နှလုံး တင်းကျပ်မှုများကိုဖြေဖျောက်နိုင်ခြင်း ၊ ကျန်းမာခြင်းသည်လာဘ်ကြီးတစ်ခုဆိုသော ဆောင်ပုဒ်နှင့်အညီ ကျောင်းပညာရေးတစ်ခုလုံးသည်ပိုမိုအောင်မြင်မှုများရလာမည်မှာမလွဲဧကန်ဖြစ်ပါသည်။ ဒါ့ကြောင့် မင်းတပ်မဲဆန္ဒနယ်မှဦးထန်းလိန်း၏ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းများကို ထိထိ

ရောက်ရာက်လက်တွေ့ဆောင်ရွက်ပေးရေး မူတစ်ရပ်ချမှတ်ပေးရန်အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းကို(ဆီဆိုင်မဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် နိုင်ငံ့အကျိုးသယ်ပိုးနိုင်ကြပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဆီဆိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို ဖြစ်ပါတယ်။ တောင်ပေါ်မှာ ဘောလုံးကွင်းရှားရှားနဲ့ အားကစားကျဆင်းမှာကိုစိုးရိမ်နေတဲ့ မင်းတပ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထန်းလိန်းရဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကိုထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေး မူတစ်ရပ်ချမှတ်ပေးရန်အဆိုကို လေးနက်စွာထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားသည် လူမှုရေးဦးတည်ချက်ဖြစ်တဲ့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားစိတ်ဓာတ်မြင့်မားရေး၊ စည်းလုံးညီညွတ်ရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးအတွက် မရှိမဖြစ်ဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်ပါတယ်။

အားကစားဆိုသည်မှာ အားနဲ့ကစားရတာဖြစ်တဲ့အတွက် အားရှိဖို့၊ ဉာဏ်ရှိဖို့၊ လျင်မြန်ဖို့၊ ကြံ့ခိုင်ဖို့၊ ဇွဲရှိဖို့၊ စိတ်ဓာတ်ပြည့်ဖို့၊ အထူးပြည့်စုံဖို့လိုအပ်လှပါတယ်။ တချို့နိုင်ငံများမှာ ထူးချွန်တဲ့ အားကစားသမားများမွေးထုတ်ပြီး နိုင်ငံတကာသို့ကြေးစားစေလွှတ်ကစားစေခြင်းဖြင့် နိုင်ငံ့ဝင်ငွေရအောင်ဆောင်ရွက်နေကြတဲ့ နိုင်ငံများလည်းတွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံလည်း စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအစိုးရသစ်နဲ့ ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စတင်တာထွက်ချီတက်လာကြတာ ကိုယ်စားလှယ်တော်များအပါအဝင်ဖြစ်ပါတယ်။ အားကစားကဏ္ဍဟာ ဘယ်နိုင်ငံမှချန်ထားလို့မရတဲ့ကဏ္ဍဖြစ်တယ်ဆိုတာ ကျွန်တော်ဆွေးနွေးတင်ပြလိုပါတယ်။ ကမ္ဘာမှာမြန်မာဟေ့၊ မြန်မာ့အားကစားကမ္ဘာကိုလွှမ်းစေရမည်၊ ဆိုသည့် ဆောင်ပုဒ်ရဲ့အောက်မှာ ရင်လောက်မှန်းမှဒူးလောက်တင်စကားအဆိုအတိုင်း ကျွန်တော်တို့လည်း ကမ္ဘာလောက်မှန်းမှ

အရှေ့တောင်အာရှ၊ အာရှ နိုင်ငံများကိုကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ယခုကျွန်တော်တို့နိုင်ငံရဲ့ အားကစားအမျိုးအစားအလိုက်အဖွဲ့ချုပ်များသီးခြားဖွဲ့စည်းပြီး အောင်မြင်ရေး၊ အောင်နိုင်ရေး ကြိုးစားနေတာလည်းတွေ့ရပါတယ်။ အားကာသိပ္ပံကျောင်းများ၊ အကယ်ဒမီကျောင်းများဖွင့်လှစ်ပြီး မျိုးဆက်သစ်များပြုစုပျိုးထောင်နေတာလည်း မြင်ရ၊ ကြားရပါတယ်။ ငွေနဲ့ပေးဝယ်လို့မရတဲ့အရာမှာ အားကစားလည်းပါပါတယ်။ ပြင်ဆင်မှုကြိုးစားမှုရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အကြံပြု ဆွေးနွေးတင်ပြလိုတာက အားကစားနည်းပေါင်းစုံအဖွဲ့ချုပ်များဖွဲ့စည်းထားသော်လည်း အောက်ခြေ ကျောင်းသူ၊ ကျောင်းသားများ၊ ကျေးရွာရပ်ကွက်မှ လူငယ်များ၊ အသင်းအဖွဲ့များနှင့် အထက်မှာများစွာ အဆက်ပြတ်ကွာဟနေတာတွေ့ရပါတယ်။ ကျောင်းပညာအားနည်းတဲ့လူငယ်များဟာ အားကစား တော်တာလည်းသတိပြုမိပါတယ်။ အဖွဲ့ချုပ်မှထူးချွန်ကစားသမားများကို ကားတစ်စီး၊ တိုက်တစ်လုံး၊ တစ်လ ၅ သိန်း၊ ၁၀ သိန်း၊ သိန်း၂၀၊ သိန်း၂၅ ပံ့ပိုးတာကြားသိရလို့ အားရစရာရှိသော်လည်း ပြည်သူလူထုအားပေးမှုပါလာဖို့ အခြေခံအောက်ခြေမှာ ကျေးရွာ၊ ရပ်ကွက်မှ လူငယ်အားကစား သမားများပါလာဖို့ ၊ ကျောင်းသား/ကျောင်းသူများပါလာဖို့ ၊ မျိုးဆက်သစ်များပါလာဖို့ အထက် အဖွဲ့ချုပ်များမှ အောက်ခြေအထိအားပေးပံ့ပိုးမှုအစီအမံပြုလုပ်သင့်တယ်လို့ထင်မြင်ယူဆမိပါတယ်။ အားကစားဝါသနာပါသော်လည်း ကစားဖို့၊ လေ့ကျင့်ဖို့ အချိန်မပေးနိုင်တာတို့၊ စားဝတ်နေရေး အခက်အခဲရှိတာတို့ အောက်ခြေမှာတွေ့ရမှာဖြစ်ပါတယ်။ ပြိုင်ပွဲကျင်းပဖို့၊ ဆုချီးမြှင့်ဖို့ အခက်အခဲ များစွာတွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်အားကစားပစ္စည်းများ ၊ အားကစားကွင်းများ၊ နည်းပညာများကို ကျောင်းတိုင်း၊ ရွာတိုင်းမှာစီမံချက်ချပြီး စီစဉ်သင့်တယ်လို့ထင်မြင်ယူဆရပါတယ်။ စာသင်ကျောင်း များမှာလည်း စာသင်ချိန်မှာအချိန်အလဟဿမဖြစ်ဘဲ သင်ခန်းစာကိုတကယ်တော်၊ တကယ်တတ် အောင်ဝန်ထမ်းဆရာ၊ ဆရာမများလည်းနာသုံးနာနဲ့ ကြိုးစားသင်ပေးသင့်သလို တာဝန်ကျ အားကစားနည်းပြဆရာ၊ ဆရာမများလည်းတကယ်တတ်၊ တကယ်ဝါသနာပါတဲ့ဆရာ၊ ဆရာမများ ဖြစ်ဖို့လိုအပ်လှပါတယ်။ ကျောင်းစာသင်ချိန်ကိုလည်း ညနေ ၃ နာရီမှ ၄ နာရီအထိ အားကစားအချိန်သတ်မှတ်ပြီး ဆိုင်ရာအားကစားနည်းသင်ပြကစားစေခြင်းဖြင့် ကျောင်းသူ၊ ကျောင်းသားများဟာ မြန်မာ့အားကစားမြှင့်တင်ရေးမှာအားပေးရာရောက်ပြီး မူးယစ်ဆေးဝါး အန္တရာယ်ကင်းစေခြင်း၊ ကျန်းမာကြံ့ခိုင်ခြင်း၊ ချစ်ခင်ရင်းနှီးခြင်း၊ စည်းလုံးခြင်း၊ သည်းခံတတ်ခြင်း

ပျော်ရွှင်စွာပညာသင်ယူနိုင်ခြင်းအစရှိသော အကျိုးတရားရကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသတွေမှာ ၃ နာရီကျော် ကျောင်းကဆင်းလာတယ်ဆိုတာနဲ့ ကျောင်းသူ ကျောင်းသားများဟာ တီဗွီဂိမ်း၊ လက်ဘက်ရည်ဆိုင်၊ ငါးမျှား၊ ငှက်ပစ်နဲ့ပဲ အချိန်ကုန်နေတာတွေ့ရှိရပါတယ်။ ကျောင်းတွင်းပြိုင်ပွဲများ၊ အုပ်စုပြိုင်ပွဲများ၊ မြို့နယ်ပြိုင်ပွဲများကိုလည်း မကြာမကြာကျင်းပပေးဖို့လိုအပ်လှပါတယ်။ လက်ရွေးစင် ရွေးချယ်ရာမှာ ၁၀၀ မှာ တစ်ယောက်ရွေးချယ်တာထက် ၁၀၀၀ မှာ တစ်ယောက်ရွေးချယ်ပါက အပြိုင်အဆိုင် ပိုမိုများပြားပြီး ပိုမိုအောင်မြင်ထိရောက်မှာဖြစ်ပါတယ်။ အရပ်ဒေသအခြေအနေ၊ ကျောင်းအခြေအနေကို သုံးသပ်ပြီး သင့်တော်တဲ့အားကစားနည်း အထူးပြုဘာသာရပ်တစ်ရပ် တာဝန်ပေးအပ်သင့်ပါတယ်။ ဥပမာ- အင်းလေးကန်အတွင်းရှိစာသင်ကျောင်းများမှာ ဘောလုံးကွင်းအဆင်မပြေနိုင်တဲ့အတွက် ဘော်လီဘော၊ ပိုက်ကျော်ခြင်းကဲ့သို့ ကစားနည်းမျိုးကို အထူးအားကစားဘာသာရပ်အဖြစ် တာဝန်ပေးအပ် သင့်ပါတယ်။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာဟာ သမိုင်းအဆက်ဆက်မှာမညံ့ခဲ့ပါဘူး။ စည်းလုံးခြင်း၊ ဇွဲလုံ့လရှိခြင်း၊ သတ္တိရှိခြင်း၊ ပရိယာယ်ကြွယ်ဝခြင်းအပြည့်အဝရှိခဲ့ပါတယ်။ ယခုလည်း တစ်ပြည်လုံးလူထုကိုယ်စားပြုလွှတ်တော်အသီးသီးပေါ်ပေါက်လာပါပြီ။ လွှတ်တော်မှ ဦးနှောက်အေးအေး၊ အတွေးမှန်မှန်ဆုံးဖြတ်ကြမယ်ဆိုရင် ကမ္ဘာမှာမြန်မာဟေ့မုချမလွဲအောင်မြင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးဦးဆောင်သော ကျွန်တော်တို့ လွှတ်တော်ကြီးဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နဲ့ စည်းစည်းလုံးလုံး၊ ညီညီညာညာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအလျင်အမြန်ပြောင်းလဲပေးနိုင်မယ်လို့ အကြွင်းမဲ့ယုံကြည်မိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ်တောင်ပေါ်ဒေသမှ ကိုယ်စားလှယ်တော်ကြီး ဦးထန်းလိန်း ဆန္ဒပြင်းပြသလို ပအိုဝ့်ဒေသမှ ပအိုဝ့်တိုင်းရင်းသားများကလည်း ကမ္ဘာမှာမြန်မာဟေ့အော်ချင်နေလှပါပြီ။ ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဦးထန်းလိန်းအဆိုကို လေးလေးနက်နက်စဥ်းစားကြပြီး မြန်မာ့အားကစား ကမ္ဘာကအလေးထားအောင် ပြောင်းလဲပေးကြပါစို့ မေတ္တာရပ်ခံတင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကိုဆွေးနွေးသွားတာ ဘေးကတစ်ယောက်ကသဘောကျလို့ လက်ဆွဲ နှုတ်ဆက်တယ်။ ဦးထွန်းဆာ၊ တနိ့ယန်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းဆာ(တန့်ယန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းခညောင်းလျက် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါ စေကြောင်းဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မြောက်ပိုင်း၊ တန့်ယန်း မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်းဖြစ်ပါတယ်။ ကျွန်တော် အခုဆွေးနွေးသွားမှာကတော့ ၂၂-၉-၂၀၁၁ ရက်နေ့မှာ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထန်းလိန်း အဆိုတင်သွင်းထားတဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေး မူတစ်ရပ်ချမှတ်ပေးရန်ဆိုတဲ့ အဆိုပဲဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်ချီတက်နေသော နိုင်ငံဖြစ်သည်နှင့်အညီ ပညာရေးကဏ္ဍတွင်လည်း စာပေတစ်ခုတည်းကိုသာ ဦးစားပေးသင်ကြားနေသော စနစ်မဟုတ်ဘဲ အခြားသောပညာရေးဖွံ့ဖြိုးမှုအထောက်အကူပြုဘာသာရပ်ဖြစ်သည့် အားကစားပညာရပ် ကိုပါ သင်ကြားပေးဖို့လိုအပ်သည်ဟုယူဆပါတယ်။ ပညာသင်ကြားရာမှာ ကျန်းမာမှသင်ကြားနိုင်ပါတယ်။ ကျွန်တော်တို့ငယ်စဉ်ကျောင်းသားဘဝတုန်းကမှတ်မိထားတဲ့ စကားငါးခွန်းရှိပါတယ်။ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ဘောဂဗလနဲ့ မိတ္တဗလဆိုတာတွေပဲဖြစ်ပါတယ်။ ကာယဗလကိုယ်ခံခွန်အားကောင်းမှ ဉာဏဗလဆိုတဲ့ပညာရေးမှာ လေ့လာသင်ကြားလိုက်စားနိုင်ပါတယ်။ ပညာတတ်ပြီးရင်တော့ ကျန်တဲ့ ဘောဂဗလ၊ မိတ္တဗလ၊ စာရိတ္တဗလတို့ဟာလည်း အလိုလိုလိုက်လျောညီထွေဖြစ်လာမှာပါ။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုခေတ်လူငယ်များဟာ ကျောင်းစာတစ်ခုတည်းကိုသာ အာရုံစူးစိုက်ပြီး ကြိုးစားသူများရှိသလို ယခုခေတ် IT ခေတ်မှာ လူငယ်များဟာ အများအားဖြင့် အင်တာနက်ဆိုင်များ၊ ဂိမ်းများ အလွန်ကစားလာကြတာကြောင့် အားကစားကဏ္ဍမှာမေ့ပျောက်ပြီး တချို့မှာ ငါးဖောင်ရိုးလိုပိန်လှီနေကြပြီး တချို့မှာဝလွန်းပြီး အဝလွန်ရောဂါဖြစ်မှာကိုတောင်စိုးရိမ်မိပါတယ်။ အားကစားကဏ္ဍမှာအားနည်းပြီး အင်တာနက်၊ တီဗွီဂိမ်းစသည်တို့မှာအချိန်ကုန်ပြီး အပေါင်းအသင်းများ ပေါင်းဖက်လာသောအခါ အချို့ကအရက်သောက်မယ်၊ အချို့ကဖဲကစားမယ်၊ အချို့ကဘိန်းဖြူ ဘိန်းမဲနှင့် မူးယစ်ဆေးဝါးများကိုသုံးစွဲမယ်စသည်ဖြင့် အကျင့်ပျက်လမ်းစဉ်၊ အမှားလမ်းစဉ်ကို လိုက်သွားမိမှာကို

ကျောင်းသားမိဘများကပူပန်စိုးရိမ်နေကြရပါတယ်။ ဒါ့ကြောင့် တိုင်းပြည်ရဲ့သားကောင်း၊ သမီးကောင်းများ ပေါ်ထွန်းလာရေးအတွက် အားကစားကဏ္ဍကိုကျောင်းသင်ခန်းစာမှာ တစ်ကြိမ်အနည်းဆုံးအချိန်ပေး သင်ကြားခွင့်ပြုသင့်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးခိုင်ပြည်မယိုင်ဟူသော ဆောင်ပုဒ်မှာ ကျန်းမာရေးရဲ့ကောင်းကျိုးကိုဖော်ညွှန်းထားပါတယ်။ အားကစားကဏ္ဍမှာ နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲ များလည်းအကြိမ်ကြိမ်ရရှိပြီး တိုင်းပြည်ဂုဏ်ကိုမြှင့်တင်ပေးနိုင်ခဲ့သော သာဓကများစွာရှိခဲ့ပါတယ်။ အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲများ၊ ပတ်ချုံဟီးဘောလုံးပြိုင်ပွဲများ၊ မာဒေးကားပြိုင်ပွဲများစသည့် ပြိုင်ပွဲများမှာအနိုင်ရခဲ့ပေါင်းများလှပါပြီ။ ထိုနည်းတူ ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မာရသွန် ပြိုင်ပွဲစသည်များမှာ နိုင်သောအကြိမ်ပေါင်းများလို့သာ မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည်ဟု ကြုံးဝါးနိုင် ခဲ့ပါတယ်။ သို့သော် ယခုနောက်ပိုင်းမှာ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စ်ကက်ဘောစသည်တို့မှာ အနိုင်မရတော့တာကိုတွေ့ရပါတယ်။ လက်ရွေးစင်ကောင်းများပေါက်ဖွားရာ ရေသောက်မြစ်ဖြစ်တဲ့ အခြေခံ ကျောင်းများနှင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတို့ကသာ မွေးထုတ်ပေးခဲ့တာကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ပြိုင်ပွဲများကိုလည်း အားပေးသင့်ပါတယ်။ ကျောင်းများမှာလည်း အလယ်တန်း၊ အထက်တန်းများမှာ နည်းပြဆရာများခန့်ထားပေးဖို့လိုအပ်ပါတယ်။ အားကစားပစ္စည်းများဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စ်ကက်ဘော စသည့်ပစ္စည်းများ၊ ကြက်တောင်စသည်များပြည့်စုံအောင် ဖြည့်ဆည်းပေးဖို့လိုအပ်လှပါတယ်။ ဒါ့ကြောင့် အားကစားပညာကိုကျောင်းတွင်းတွင် သင်ကြားလေ့ကျင့် ပေးပြီး နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်သားကောင်း၊ သမီးကောင်းများပေါ်ထွန်းလာနိုင်ပါစေ၊ အောင်ပွဲများ ဆက်ကာဆက်ကာအောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း၏ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေး မူတစ်ရပ်ချမှတ်ပေးပါရန်အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးမောင်၊ ဆောမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဌေးမောင်(ဆောမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးထန်းလိန်း ၊ မင်းတပ်မဲဆန္ဒနယ်ရဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေး မူတစ်ရပ်ချမှတ်ပေးရန်အဆိုကို အကျဉ်းချုံးဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယနေ့အခြေခံပညာရေး သင်ရိုးညွှန်းတမ်းမှာ ပန်းချီ၊ ဂီတ၊ ကာယစတဲ့သင်ရိုးများပါရှိသော်လည်း တကယ်တမ်းလက်တွေ့မှာ လုံးဝမလုပ်ဆောင်သကဲ့သို့ စာပေဘာသာရပ်များကိုသာ အချိန်ပြည့်သင်ကြားနေတာကိုတွေ့မြင်နေရပါတယ်။ ကျောင်းသားများဟာလည်း နံနက် ၆ နာရီကအစ ညနေ ၆ နာရီအထိ ကျောင်းသင်ချိန်အပြင် ပြင်ပကျူရှင်များနဲ့သာ အချိန်ကုန်နေကြတာကိုတွေ့ရပါတယ်။ ဒီအခြေအနေဟာ ယနေ့အချိန်မှာ ကျောင်းဆရာရော၊ ကျောင်းသားရော၊ မိဘများပါ မှန်ကန်တဲ့မူကြီးတစ်ရပ်အဖြစ် လက်ခံပြီးဆောင်ရွက်နေကြပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူငယ်များ အားကစားပြုလုပ်ခြင်းဟာ ခန္ဓာကိုယ်နဲ့ ဉာဏ်ပညာကိုဖွံ့ဖြိုးတိုးတက်စေပါတယ်။ ဖွံ့ဖြိုးရမယ့်ငယ်ရွယ်ချိန် အခြေခံပညာကျောင်းသားဘဝအချိန်မှာကိုယ်ခန္ဓာမဖွံ့ဖြိုးခဲ့ရင် အသက်ကြီးမှပြန်လုပ်ယူလို့ရမှာမဟုတ်ပါဘူး။ အားကစားဟာ ယှဉ်ပြိုင်ခြင်း၊ အားကျမခံကြိုးစားခြင်း၊ အနိုင်မခံအရှုံးမပေးစိတ်ထားရှိခြင်း၊ အသင်းအဖွဲ့အစည်းစိတ်ဓာတ်ရှိခြင်းစတဲ့စိတ်ဓာတ်များကိုလည်း ဖွံ့ဖြိုးတိုးတက်စေပါတယ်။ ခန္ဓာကိုယ်ကိုလည်း ကြံ့ခိုင်ထွားသန်မာစေပါတယ်။ ကျောင်းသားများစာပေကျက်မှတ်မှုကိုလည်းကောင်းမွန်စေပါတယ်။ ဒါ့ကြောင့် အခြေခံပညာကျောင်းများမှာ အားကစားလုပ်ငန်းများကိုအတိအကျကျောင်းချိန်အတွင်း အချိန်သတ်မှတ်သင်ကြားသင့်ပါကြောင်း မဖြစ်မနေသင်ယူနိုင်ရေးအတွက် ဘာသာရပ်တစ်ခုကဲ့သို့ အမှတ်ပေးစနစ်ဖြင့်သင်ကြားသင့်ပါကြောင်းထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ၂၂-၉-၂၀၁၁ ရက်နေ့က ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းရဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ ဆောင်ရွက်ရေးမူတစ်ရပ်ချမှတ်ပေးရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာကျောင်းများမှာ အားကစား မြင့်မားလာစေရန်အတွက် အားကစားသင်တန်းများဖွင့်လှစ်စေခြင်း၊ အားကစားဆရာများခန့်ထားတာဝန် ပေးခြင်းတို့ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်က အခြေခံပညာအထက်တန်းကျောင်းများမှာ မူလတန်းပြ ဆရာများကို ကာယဆရာအဖြစ်တာဝန်များပေးအပ်ပြီး ပညာရေးဌာနအားကစားဆိုင်ရာများကို ဆောင်ရွက် စေခဲ့ပါတယ်။ အဲ့ဒီအချိန်တုန်းက ထိုဆရာများကို ကာယဆရာ၊ PT ဆရာ၊ Physical Training ဆရာဟု ခေါ်ဝေါ်ကြပါတယ်။ နောက်ပိုင်းမှာတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အားကစားမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များထားရှိကာ ၁၉၈၅ ခုနှစ်မှာ ကာယဆရာအဖြစ်သင်တန်းခေါ်ယူပြီး ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှာ ကာယအထူးသင်တန်းကိုဖွင့်လှစ်ခဲ့ရာ မူလတန်းဆရာမှ အလယ်တန်းပြကာယ ဆရာအဖြစ်လည်းကောင်း၊ အလယ်တန်းပြဆရာမှ အထက်တန်းပြကာယဆရာအဖြစ်လည်းကောင်း၊ Jump Promotion ရာထူးများအဆင့်တိုးပေးပြီး အခြေခံပညာအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်း များတွင် တာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။ ဒီအချိန်မှာ PT ဆရာကနေပြီးတော့ PE ဆရာ Physical Education Teacher ဟု ခေါ်ဝေါ်ပြောင်းလဲသုံးစွဲကြပါတယ်။ ၁၉၈၆ ခုနှစ်မှာ ပညာရေးဌာနနဲ့ အားကာဦးစီးဌာနတို့ပေါင်းစပ်ပြီးတော့ကာယဆရာများအား အထူးမွမ်းမံသင်တန်းကိုအားကစားနည်း ပေါင်းစုံဖြင့်သင်တန်းများပို့ချပေးခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာ နိုင်ငံတော်မှကြီးမှူးဖွင့်လှစ်တဲ့ အားကစား နည်းပြဆရာဒီပလိုမာသင်တန်းကို ကျိုက္ကဆံအားကစားကွင်းမှာ သင်တန်းကာလ ၆ လတာ ဖွင့်လှစ်ခဲ့ရာ ပညာရေးဌာနမှ ကာယဆရာများ၊ အားကစားအဖွဲ့ချုပ်မှနည်းပြများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှနည်းပြများ တက်ရောက်ခဲ့ကြပါတယ်။ ၁၉၉၄ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကောင်စီ International Olympic Council မှ ကြီးမှူးဖွင့်လှစ်ပြီးတော့ နိုင်ငံခြားနည်းပြဆရာများဖြင့် သုဝဏ္ဏအားကစားကွင်းမှာ Level 1

Track and Field ပြေးခုန်ပစ်အဆင့်မြင့်သင်တန်းမှာလည်း အဖွဲ့ချုပ်နည်းပြများနဲ့အတူ ပညာရေးဌာနမှ ကာယဆရာများတက်ရောက်ခဲ့ကြပါတယ်။ အပတ်စဥ် ၄ အထိ သင်တန်းသား ၁၂၈ ဦးမှာ သင်တန်းသား ၇ ဦးဟာ Qulifine ဖြစ်ပြီးတော့ Level 2 အဆင့်မြင့်သင်တန်းကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့မှာ တက်ရောက်ခဲ့တဲ့နေရာမှာလည်း ကျွန်တော်တို့ပညာရေးဌာနက ကာယဆရာများသွားရောက်ခဲ့ကြရပါတယ်။ ကာယဆရာများရဲ့အရည်အသွေးမြင့်မားစေဖို့ အထူးသင်တန်းများ၊ မွမ်းမံသင်တန်းများ ဆောင်ရွက်လျက်ရှိရာမှာ ကျန်ခဲ့တဲ့နွေရာသီမှာ အမှတ်(၁)အခြေခံပညာဦးစီးဌာနရဲ့ ပြည်နယ်/တိုင်း ၇ ခုတို့မှ ဆရာ၊ ဆရာမများ၊ သင်တန်းသား ၂၀၀ ကျော်အား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှာ ကာယသင်တန်းဖွင့်လှစ်၍ ကာယဆရာများအဖြစ် တာဝန်များပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအချိန်မှာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ အထက်တန်းကျောင်းများနှင့် အလယ်တန်းကျောင်းတော်တော်များများမှာ ကာယဆရာများရှိပြီးဖြစ်နေပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားအားကစားပွဲတော်နဲ့ ပတ်သက်ပြီးတော့ ၁၉၈၆ ခုနှစ်မှာ ရန်ကုန်မြို့၌သာကျင်းပနိုင်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာတော့ နိုင်ငံရေး၊ လုံခြုံရေးအရ အားကစားပွဲများခေတ္တရပ်ဆိုင်းပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်မှာ ၁၉၉၁ ခုနှစ်မှစပြီး ပထမအကြိမ်အားကစားပွဲတော်ကြီးကို ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှာ စတင်ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ်အဖြစ် ရန်ကုန်၊ တတိယကျောင်းသားအားကစားပွဲတော်အဖြစ် တောင်ကြီးမြို့၊ စတုတ္ထအားကစားပွဲတော်အဖြစ် စစ်တွေမြို့၊ ပဥ္စမအားကစားပွဲတော်အဖြစ် မြစ်ကြီးနားမြို့၊ ဆဋ္ဌမအားကစားပွဲတော်အဖြစ် လွိုင်ကော်မြို့၊ သတ္တမအားကစားပွဲတော်အဖြစ် ထားဝယ်နှင့် အဋ္ဌမအကြိမ်မြောက် ၁၉၉၈ ခုနှစ်မှာ ကျောင်းသားအားကစားပွဲတော်ကို နောက်ဆုံးဟားခါးမြို့မှာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒီအားကစားပွဲတော်ကြီးကိုလည်း နိုင်ငံတော်အကြီးအကဲများကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီးစည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ ကျောင်းသားအားကစားပွဲတော်ဟာ မြန်မာနိုင်ငံ၌ အစည်ကားဆုံးသောပွဲတော်တစ်ခုဖြစ်ပါတယ်။ အမျိုးသားအားကစားပွဲတော်များကျင်းပရာမှာလည်း ကျောင်းသားအားကစားအဆင့်ကိုဝင်ရောက်ယှဥ်ပြိုင်ခဲ့ရပါတယ်။ ကျောင်းသားအားကစားပွဲများမှ ထူးချွန်အားကစားသမားများပေါ်ထွက်လာပြီး အဖွဲ့ချုပ်များမှ လေ့ကျင့်ပေးစေခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်တဲ့

အားကစားသမားများပေါ်ထွက်လာခြင်းဖြစ်ပါတယ်။ အဋ္ဌမအကြိမ်မြောက် ချင်းပြည်နယ်၊ ဟားခါး ကျောင်းသားအားကစားပွဲတော်မှသည် ယခုထိကျင်းပဆောင်ရွက်နိုင်မှုမရှိကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအခြေခံပညာကျောင်းများရဲ့ အခြေအနေကိုတင်ပြရမယ်ဆိုရင်တော့ အထက်တန်းကျောင်းမှာ အထက်တန်းပြကာယဆရာတစ်ဦး၊ အလယ်တန်းကျောင်းတိုင်းမှာ အလယ်တန်းပြကာယဆရာတစ်ဦး ပြည့်စုံလုနီးပါးထိခန့်ထားတာဝန်ပေးပြီးဖြစ်သော်လည်း လက်ရှိအားကစားလှုပ်ရှားမှုများအနေဖြင့် ရိုးစင်းစွာ တင်ပြရလျှင် အလွန်အားနည်းနေကြောင်းလေ့လာတွေ့ရှိရပါတယ်။ အဲဒီလို အားနည်းမှုများကို ယေဘူယျအားဖြင့် လေ့လာသုံးသပ်မယ်ဆိုရင် ကျောင်းသားအများစုဟာ ပညာရေးကိုသာအဓိကထား ဆောင်ရွက်နေရသဖြင့် အားကစားဆောင်ရွက်ရန် အချိန်မပေးနိုင်ခြင်း၊ အတန်းအချိန်ဇယားအရ တစ်ပတ်လျှင် ကာယချိန် ၂ ကြိမ်ပေးထားသော်လည်း ၎င်းအချိန်များ၌ ဘာသာပြဆရာများမှ အချိန်ပိုစာသင်ကြားခြင်း၊ ကာယဆရာတစ်ဦးတည်းဖြင့် တစ်ကျောင်းလုံးရှိ ကျောင်းသားအများစုအား မသင်ပြနိုင်ခြင်း၊ ကာယဆရာများမှ ဘာသာရပ်တစ်ခုယူ၍ စာသင်ကြားနေခြင်း၊ ကာယဆရာများ အားကစားကိုစိတ်ဝင်စားမှုအားနည်းခြင်းနဲ့ သင်ပြနိုင်မှုအားနည်းခြင်း၊ အားကစားကွင်း၊ အားကစားရုံ မရှိခြင်း၊ အားကစားပစ္စည်းများလုံလောက်မှုမရှိခြင်း၊ ကျောင်းတွင်းအားကစားပြိုင်ပွဲများ မြို့နယ်အဆင့် ကျောင်းသားအားကစားပြိုင်ပွဲများကျင်းပနိုင်မှုအားနည်းခြင်း၊ ငွေရေးကြေးရေးအခက်အခဲရှိခြင်း၊ အားကစား ပြက္ခဒိန်ရေးဆွဲ၍ တိတိကျကျဆောင်ရွက်နိုင်မှုမရှိခြင်း၊ အောက်ခြေအဆင့်ကြီးကြပ်ညွှန်ကြားမှု အားနည်းခြင်း တို့ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အားကစားမြင့်မားရေးအတွက် မျိုးဆက်သစ်အားကစားသမားများပေါ်ပေါက်ရေးဟာ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ မျိုးဆက်သစ် အားကစားသမားများရရှိရေးဟာလည်း လူငယ်အများစုအခြေပြုကြတဲ့ အခြေခံပညာကျောင်းများမှာပဲ ရှိနေကြတဲ့အတွက် ကျောင်းသားလူငယ်အများစုဟာ ကစားနိုင်ခွင့် အခွင့်အလမ်းကိုရရှိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အားကစားကွင်း၊ အားကစားရုံ၊ အားကစားပစ္စည်းများလုံလောက်မှုရှိပြီး ကျောင်းတွင်း အားကစားပြိုင်ပွဲများ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အားကစားပြိုင်ပွဲများ၊

နိုင်ငံတော်အဆင့်ကကြီးမှူးသော ကျောင်းသားအားကစားပွဲတော်များအထိ ကျင်းပပေးနိုင်ရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျောင်းသားလူငယ်အများစုအားကစားကို ထိထိရောက်ရောက် လက်တွေ့ဆောင်ရွက်နိုင်ရန်အတွက် အထက်ပါဆွေးနွေးတင်ပြခဲ့တဲ့ အချက်များကိုသုံးသပ်ပြီး ပညာရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန သက်ဆိုင်ရာလွှတ်တော်ကော်မတီများ၊ အားကစားဝါသနာရှင်များ၊ ပညာရှင်များပေါင်းစပ်ပြီး စာသင်ကြားရေးကိုမထိခိုက်စေတဲ့ မူတစ်ရပ်အဖြစ်ချမှတ်ပေးရန် လိုအပ်နေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း တင်သွင်းတဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကိုထိထိရောက်ရောက် လက်တွေ့ဆောင်ရွက်ရေး မူတစ်ရပ်ချမှတ်ပေးရန်အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီနေ့လွှတ်တော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော် အမျိုးသားပြည်သူ့ကွန်ကရက်မှ နိုင်ငံတကာဆက်ဆံရေးက ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ မနက်ပိုင်းက လာရောက်တွေ့ဆုံပြီးတော့ ကျွန်တော်တို့လွှတ်တော်ရဲ့ အစည်းအဝေးဆောင်ရွက်မှုတွေကို လာရောက် လေ့လာသွားပါတယ်။ မကြာခင်လည်း ဂျပန်နိုင်ငံကလွှတ်တော်အမတ်တစ်စုဟာ ကျွန်တော်တို့လွှတ်တော်ကို လေ့လာကြည့်ရှုဖို့ရှိပါတယ်။ ဒီနေရာမှာ လွှတ်တော်ဥက္ကဋ္ဌနဲ့ သက်ဆိုင်ရာတာဝန်ရှိသူများတွေ့ဖို့လည်း ချိန်းဆိုထားတဲ့အတွက် လွှတ်တော်ကို ၄၅ မိနစ်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အစည်းအဝေးကို ညနေ ၃း၀၀ နာရီမှာပြန်လည်စတင်ပါမယ်ခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[အစည်းအဝေးကို ၄၅ မိနစ်ခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးထန်းလိန်း၊ မင်းတပ်မဲဆန္ဒနယ်ရဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေးမူတစ်ရပ် ချမှတ်ရေးအဆိုနဲ့စပ်လျဉ်းပြီး ဦးပုပ်ခန့်အင်၊ တီးတိန်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးပုပ်ခန့်အင်(တီးတိန်မဲဆန္ဒနယ် )**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ဆုမွန်ကောင်း တောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ တီးတိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးပုပ်ခန့်အင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးထန်းလိန်းရဲ့ အခြေခံပညာ ကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေးမူတစ်ရပ် ချမှတ်ပေးရန်အဆိုအပေါ် လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရှေ့က ကိုယ်စားလှယ်တော်ကြီးများက ကျယ်ကျယ်ပြန့်ပြန့်၊ ပြည့်ပြည့်စုံစုံ ဆွေးနွေးကြပြီးဖြစ်၍ အချိန်ကို လေးစားသောအားဖြင့် ကျွန်တော်ဆက်လက်ဆွေးနွေးခြင်းမပြုတော့ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့် (ရွှေတောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မက ပဲခူးတိုင်းဒေသကြီးရွှေတောင် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒေါက်တာ ဒေါ်အေးမြင့်ဖြစ်ပြီး မင်းတပ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဦးထန်းလိန်းရဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက် လက်တွေ့ဆောင်ရွက်ရေးမူတစ်ရပ် ချမှတ်ပေးရန်အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့ထောက်ခံဆွေးနွေးချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ကျောင်းနေပျော်၍ စာတော်ရမည်ဆိုတဲ့ဆောင်ပုဒ်ဟာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းမှာအနေပျော်မှ

စာတော်နိုင်ကြောင်း ထင်ရှားစေတဲ့ဆောင်ပုဒ်ဖြစ်ပါတယ်။ ကျောင်းနေပျော်ဖို့၊ စိတ်မပျံ့လွင့်ဖို့၊ ကျန်းမာဖို့၊ ဉာဏ်ပွင့်ဖို့၊ ကြံ့ခိုင်သန်စွမ်းထွားကြိုင်းဖို့ဆိုတာ အားကစားအပေါ်မှာတည်မှီနေတာပါ။ တစ်ချိန်က ငပုလို့အခေါ်ခံရသူတွေ၊ လူစဉ်မီငရှည်တွေဖြစ်လာတာဟာလည်း အားကစားလိုက်စားမှုက အကြောင်း ရင်းတစ်ရပ်ပါပဲ။ ကျွန်မတပည့်တော်ဖူးတဲ့ ဆရာတစ်ယောက်၊ လေ့ကျင့်ပျိုးထောင်ပေးနေတဲ့ သူ့တပည့် တက္ကသိုလ်ဝင်တန်းကျောင်းသားတွေကို ကျွန်မတွေ့ဖူးပါတယ်။ သူတာဝန်ထမ်းနေတဲ့ အဲဒီကျောင်းဟာ သူနဲ့သူ့လုပ်ဖော်ကိုင်ဘက် ဆရာ၊ ဆရာမတွေကြောင့် အောင်ချက်လည်းကောင်းပါတယ်။ ဒါပေမယ့် သူ့တပည့်တွေကိုကျွန်မတွေ့လို့ အကဲခတ်ကြည့်တဲ့အခါမှာ အရွယ်နဲ့မလိုက်အောင်တည်ငြိမ်နေကြတာကို တွေ့ရပါတယ်။ ဒါကြောင့်ကျွန်မတပည့်ဆရာကိုအချိန်အားရှာပြီး ကိုယ်လက်လှုပ်ရှားအားကစားလုပ်ခိုင်းဦး။ မင်းတပည့်တွေ ပြုံးဖို့၊ ရယ်ဖို့မေ့နေကြပြီလို့ ကျွန်မပြောခဲ့ရပါတယ်။ အဆိုရှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဦးထန်းလိန်းက စေတနာကောင်းနဲ့ ပါရမီရှင်အားကစားသမားတွေ ထွန်းပေါ်လာဖို့ ရည်မှန်းချက်ကောင်းကိုလည်းပြောသွားပါတယ်။ တကယ်တော့ နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်တဲ့ပါရမီရှင် အားကစားသမားအများအပြားပေါ်ထွန်းလာရေးကို အခြေခံပညာအဆင့်ကတည်းက လေ့ကျင့်ပျိုးထောင် မွေးမြူဖို့ဦးစားပေးရမှာဖြစ်သလို ကျောင်းသား၊ ကျောင်းသူကလေးသူငယ်အများစုရဲ့ ကျန်းမာရွှင်လန်း၊ ဉာဏ်ရည်ဉာဏ်စွမ်းပွင့်လင်းဖို့၊ ရုပ်ပိုင်းဆိုင်ရာသန်စွမ်းကြံ့ခိုင်ဖို့အတွက်ကိုလည်း ထိရောက်တဲ့လက်တွေ့ အားကစားလုပ်ငန်းများ စီစဉ်ဆောင်ရွက်ဆွဲဆောင်ရမှာဖြစ်ပါတယ်။ အားကစားသမားဆိုတာ တစ်ကိုယ် ကောင်းမဆန်၊ အနစ်နာခံနိုင်မှု၊ အနစ်နာခံတတ်မှု၊ စွမ်းရည်ထုတ်အသုံးချတတ်မှု၊ စည်းလုံးညီညွတ်မှုဆိုတဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ စည်းလုံးခြင်း၊ စ-သုံးလုံးနှင့်ပြည့်စုံရတာကြောင့် အရွယ်မတိုင်မီဆေးလိပ်အပါအဝင် မူးယစ်ဆေးဝါးမျိုးနွယ်များကို လက်တည့်စမ်းဖို့လည်း စိတ်ကူးမိကြတော့မှာမဟုတ်ပါဘူး။ ကျွန်မတို့ တက္ကသိုလ်ကျောင်းသူဘဝ ဆရာမငယ်ဘဝတုန်းက ချစ်ခင်စွဲလန်းခဲ့ရပြီး ယခုတိုင်ပြန်တွေးတိုင်း လွမ်းနေရသူတွေထဲမှာ အားကစားသမားတွေဟာထိပ်ဆုံးကပါခဲ့ပါတယ်။ ရေကူးချန်ပီယံ တင်မောင်နီ၊ ယခု ဦးနန္ဒကျော်စွာ၊ နိုင်ငံခြားကိုသွားပြီးတော့ကစားရတဲ့ပွဲမှာ လူကိုထမ်းထုတ်ရအောင်အထိနာခဲ့ပေမယ့် အောင်ပန်းသရဖူအရယူနိုင်ခဲ့တဲ့ ဘောလုံးဘုရင်ဗဟာဒူး၊ ငါးကြိမ်မြောက်အရှေ့တောင်အာရှကျွန်းဆွယ်ပွဲမှာ အားကစားမီးရှူးတိုင်တက်ပြီးထွန်းညှိတာကို တမက်တမောစောင့်ကြည့်ခဲ့ရတဲ့ ဘောလုံးမောင်မောင်၊ မာရသွန်မှာ ရှင်ဗွေခန့်၊ မိတုန်းနော်၊ တုတ်ထောက်ခုန်မှာ ဆွမ်းပလား၊ သံလုံးပစ်မှာ ဂျနီဖာတင်လေး၊ မီတာ ၈၀၀ နဲ့ ၁၅၀၀ မှာ မီတာ ၈၀၀၊ ၁၅၀၀ ဆိုတော့ တာလတ်အပြေးမှာ အာရှမှာပြိုင်ဘက်ကင်းတဲ့

ဂျင်မိခရမ်းတောင်၊ သန်းသန်းတို့ဟာ မြန်မာနိုင်ငံရဲ့အားကစားသမိုင်းမှာ စာတင်ရမယ့်သူတွေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အခြေခံပညာကျောင်းများမှာ အားကစားအတတ်ပညာများကို ထိရောက်စွာသွန်သင်ပေးလိုက်နိုင်တဲ့အကျိုးဆက်ဟာ အဆင့်မြင့်ပညာဆည်းပူးရာတက္ကသိုလ်များသို့လည်း ကောင်းကျိုးသက်ရောက်မှုရှိမှာဖြစ်ပါတယ်။ ဥပမာ-ဝိဇ္ဇာနဲ့သိပ္ပံဘာသာရပ်များပို့ချတဲ့ တက္ကသိုလ်များမှာ ဝိဇ္ဇာဘာသာရပ်တွေဆိုရင် အားကစားတစ်သင်းတစ်ဖွဲ့စာလူထွက်ဖို့အင်မတန်ခဲယဉ်းပါတယ်။ မကစားတတ်လို့၊ ဝါသနာမပါလို့ဆိုတဲ့အကြောင်းပြတွေနဲ့ငြင်းကြပါတယ်။ ဝိဇ္ဇာဘာသာရပ်တွေစုဖွဲ့မှ ဝိဇ္ဇာညွှန့်ပေါင်းအသင်းဆိုပြီး တစ်သင်းရတာမျိုးတွေကြုံရပါတယ်။ ဘောလီဘောပုတ်တတ်ရင် ဘောလုံးလည်းကန်၊ ပိုက်ကျော်ခြင်းလည်းခတ်၊ ပြေးတတ်ရင်အမြင့်ခုန် အလျားလည်းခုန်၊ လှံတံ၊ သံလုံး၊ သံပြားလည်းပစ်ဆိုတာမျိုးတွေနဲ့ ပိုင်နိုင်ကျွမ်းကျင်မှုမရှိဘဲ အဖြစ်လုပ်ရတာတွေလည်းရှိခဲ့ပါတယ်။ ဒါ့ကြောင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေးအတွက် အစကောင်းအနှောင်းသေချာမယ့် အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေးမူတစ်ရပ်ချမှတ်ပေးရန်အဆိုကို အမှန်တကယ်လိုအပ်ကြောင်းထောက်ခံပါတယ်ရှင်။ လေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင်များက ရှင်းလင်း ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်ကြူ(ဒုတိယဝန်ကြီး၊အားကစားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့အားကစားဝန်ကြီးဌာနက ဒုတိယဝန်ကြီး၊ ဦးအေးမြင့်ကြူဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးထန်းလိန်းက အစည်းအဝေးကြီးတွင်တင်ပြသော အခြေခံကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေးမူတစ်ရပ်ချမှတ်ပေးပါရန်အဆိုအား တင်သွင်းလာခြင်းနှင့်ပတ်သက်၍ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စားပြန်လည်ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးစွာမြန်မာနိုင်ငံတွင် နှစ်စဉ်ပုံမှန်ကျင်းပနေသော အဆင့်မြင့်အားကစားပြိုင်ပွဲကြီးများကိုတင်ပြအပ်ပါတယ်။ မြန်မာ့အားကစားတိုးတက်မြင့်မားရေးအတွက် ပြည်နယ်နှင့်တိုင်း

ဒေသကြီး အားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဖလားပြိုင်ပွဲများ၊ အားကစားအဖွဲ့ချုပ်အလိုက် ဥက္ကဋ္ဌဖလားအားကစားပြိုင်ပွဲများအပြင်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကိုလည်းပြုလုပ်ပေးလျက်ရှိပါတယ်။ ၎င်းအပြင်အားကစားနည်းအသီးသီးတွင် ပိုမို တိုးတက်အောင်မြင်လာစေရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါကြောင်းကိုလည်း တင်ပြ လိုပါတယ်ခင်ဗျား။ (က) ဒေသအသီးသီးရှိအားကစားကလပ်များကို အားကစားပစ္စည်းများ၊ အားကစား နည်းစနစ်များပံ့ပိုးအားပေးလျက်ရှိပါတယ်။ (ခ) အားကစားပြိုင်ပွဲများပြိုင်ဆိုင်မှုအရှိန်ပိုမိုမြင့်မားလာ စေရေးအတွက် အားကစားကလပ်အသင်းများကို အခြေခံသည့် Champion Challege Cup Tournament ပြိုင်ပွဲများကို ယခုနှစ်ကစတင်ကျင်းပပြုလုပ်လျက်ရှိပြီး ဆုကြေးငွေများနှင့်တကွ အောင်နိုင်ဆုများကိုလည်းထိုက်တန်စွာချီးမြှင့်ပေးလျက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ (ဂ) အားကစားနှင့်သိပ္ပံကျောင်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင်ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ သင်တန်းသား ၃၅၀ ဦးစီကို လက်ခံသင်ကြားပေးလျက်ရှိပါတယ်။ လာမည့်နှစ်မှစပြီး သင်တန်းသား ၆၀၀ ဦးအထိ နှစ်စဉ် In Type ပုံစံဖြင့်တိုးမြှင့်လက်ခံပြီး မနက်ပိုင်းမှာစာသင်၍ညနေပိုင်းတွင် ခေတ်မီအားကစားနည်းစနစ်များ သင်ကြားလေ့ကျင့်ပေးခြင်း၊ Language Lab နှင့် IT များကိုပါ ဖွင့်လှစ်သင်ကြားပေးခြင်းတို့အပြင် အားကစားနှင့် ပညာရေးဘက်စုံထူးချွန်သူများဖြစ်အောင်ဆောင်ရွက်မြှင့်တင်ပေးလျက်ရှိပါတယ်။ (ဃ) အားကစားအဖွဲ့ချုပ်များတွင်ရွေးချယ်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများ၏ လေ့ကျင့်ရေး၊ နေထိုင်ရေးတို့တွင်အဆင်ပြေစေရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် စည်းကမ်း တကျရှိစေရေးကိုပါ ဦးစားပေးလျက်ကြပ်မတ်ပေးလျက်ရှိပါတယ်။ အဆိုပါကျင်းပပေးသော အားကစား ပြိုင်ပွဲများ၊ လေ့ကျင့်ပေးလျက်ရှိသောဖွံ့ဖြိုးတိုးတက်ရေးနည်းစနစ်များအပြင် အားကစားရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံကျကျလိုအပ်သည့် မင်းတပ်မဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊ ဦးထန်းလိန်း၏ အခြေခံကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ ဆောင်ရွက်နိုင်ရေးမူတစ်ရပ် ချမှတ်ပေးပါရန်အဆိုနှင့်ပတ်သက်၍ တင်ပြအပ်သည်မှာ အခြေခံ ပညာကျောင်းများတွင် ညနေပိုင်းအားကစားချိန်ထည့်သွင်း၍ကျွမ်းကျင်သော အားကစားနည်းစနစ်များ၊ နည်းစနစ်မှူးများခန့်အပ်ကာလေ့ကျင့်သင်ကြားပေးရန် စတင်ဆောင်ရွက်လျက်ရှိပါတယ်။ အားကစား ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအားတာဝန်ပေးအပ်၍ ကျောင်းအသီးသီးရှိ အချိန်ဇယားပါကာယအချိန်များတွင် စုပေါင်းယှဉ်ပြိုင်အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဘောလီဘော၊ ဘတ်စကက်ဘောစသည့်

အားကစားနည်းများ၊ တစ်ဦးချင်းယှဉ်ပြိုင်အားကစားနည်းများဖြစ်သည့် ဂျူဒို၊ ကရာတေးဒို၊ လက်ဝှေ့စသည့် အားကစားနည်းများ၊ တစ်ဦးချင်းသာမန်ဖွံ့ဖြိုးမှုဖြစ်သည့် ကျွမ်းဘားကဲ့သို့ အားကစားနည်းများကို ကစားစေခွင့်၊ ကစားကွင်းများဖန်တီးပေးရန် ပြည်နယ်နှင့် တိုင်းဒေသကြီးရှိဝန်ကြီးချုပ်များ၊ အားကစားနှင့်ဆိုင်သည့်ဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပညာရေးမှူးများကိုတွေ့ဆုံဆွေးနွေး၍ ဆက်လက်ဆောင်ရွက်ရန်ညှိနှိုင်းပြီးဖြစ်ပါတယ်။ ယခုအချိန်အထိ ပြည်နယ်တစ်ခုနှင့် တိုင်းဒေသကြီးခြောက်ခုတို့တွင်ဆွေးနွေးပြီးဖြစ်၍ ကျန်ပြည်နယ်နှင့်တိုင်းများတွင် ဆက်လက်ဆက်စပ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိပါတယ်။ (စ) ကျောင်းသားလူငယ်များအား ကိုယ်တိုင်ပါဝင်ကစားစေခွင့်ပြုရာတွင် (၁)စိတ်ဝင်စားမှုရှိစေရေး၊ (၂)စိတ်အားထက်သန်အောင်လှုံ့ဆော်ဆွဲဆောင်မှုရှိစေရေး၊ (၃) ပါဝင်ယှဉ်ပြိုင်ရဲသည့်စိတ်ဓာတ်ရှိစေရေး၊ (၄) ပြိုင်ပွဲတွင်အနိုင်ယူလိုစိတ်ရှိစေရေး၊ (၅) အနိုင်ရရှိအောင်မည်သို့ဆောင်ရွက်မည်ဆိုသောနည်းစနစ်နှင့်နည်းဗျူဟာတို့ကို ကိုယ်တိုင်တွေးခေါ်တတ်ရေးတို့ရရှိလာစေရေးဖြစ်ပါတယ်။ ယင်းရည်မှန်းချက်အတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျွန်တော်တို့အားကစားဝန်ကြီးဌာနဟာ အခုအချိန်မှာဆိုရင် တူညီသောရည်မှန်းချက်များကိုချီတက်နေပြီဖြစ်တဲ့အတွက် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနပူးပေါင်းဆောင်ရွက်နေသော အားကစားနှင့်ပူးပေါင်းဆောင်ရွက်ရေးအစီစဉ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း အားကိုးစွာနဲ့ နယ်မြေအသီးသီးမှာ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးပါရန်လည်း မေတ္တာရပ်ခံအပ်ပါတယ်။ သို့ပါ၍ မြန်မာ့အားကစားပြန်လည်တိုးတက်လာနိုင်စေရန် အသက်ငယ်ရွယ်သည့် လူငယ်မျိုးဆက်၊ ရွက်ပုံးသီးအားကစားသမားများ၊ ပါရမီရှင်အားကစားသမားများ၊ စနစ်တကျရွေးချယ်မွေးထုတ်လေ့ကျင့်နိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တစ်နိုင်ငံလုံးဖြန့်ကျက်ထိရောက်စေနိုင်ပြီး ဒေသအသီးသီးအားကစားကလပ်များကို အခြေခံသည့်အားကစားနည်းဗျူဟာကို ချမှတ်ကျင့်သုံးလျက်ရှိပါကြောင်း၊ ဆုချီးမြှင့်ခြင်းများတွင်လည်း ထိုက်တန်စွာချီးမြှင့်ပေးလျက်ရှိပါကြောင်းတင်ပြရင်း အခြေခံကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေးမူတစ်ရပ်ချမှတ်ပေးပါရန်ဆိုသည့် မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း၏အဆိုသည် လျော်ကန်သင့်မြတ်ပါ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးမှ ပြန်လည်ဆွေးနွေးပေးဖို့ဖိတ်ခေါ် ပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီး ဒေါက်တာမြအေးဖြစ်ပါတယ်။ ကျွန်တော်တို့အရင် အစိုးရလက်ထက်မှာ ဝန်ကြီးချုပ်ကြီးကနေ ဦးဆောင်ပြီးတော့ ကျွန်တော်တို့ကိုအားကစားနဲ့ ပညာရေးပေါင်းစပ်မှုကော်မတီဖွဲ့ခဲ့ပါတယ်။ ဖွဲ့ပြီးတော့ ကျွန်တော်တို့တက္ကသိုလ်တွေအလိုက် ဇုန်အလိုက် ကစားခဲ့ကြပါတယ်။ ပြီးတော့မှ အထက်မြန်မာပြည်တက္ကသိုလ်လက်ရွေးစဉ် ဘောလုံးအသင်းနဲ့ အောက်မြန်မာပြည်တက္ကသိုလ်လက်ရွေးစဉ် ဘောလုံးအသင်းတို့ နှစ်ခုယှဉ်ပြိုင်ပြီးတော့ တစ်ခါဗမာ့လက်ရွေးစဉ်ရွေးပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က လေ့ကျင့်ချိန်ဟာ ရှစ်လလောက်ပဲရှိပါတယ်။ သို့သော် ကျွန်တော်တို့ အရှေ့တောင်အာရှ၊ အာဆီယံမှာရှိတဲ့ တက္ကသိုလ်တွေကိုသွားပြိုင်တဲ့အခါမှာ ဗမာ့လက်ရွေးစဉ် တက္ကသိုလ်အသင်းက တတိယရခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော့်ကိုမေးတဲ့အခါမှာ ဘာကြောင့် ထင်သလဲလို့မေးတော့ ကျွန်တော်ကပြောလိုက်ပါတယ်။ အဲဒီကလေးတွေ က I.Q နဲ့ E.Q မြင့်လို့ပါခင်ဗျားလို့ Interal Potion နဲ့ Emotional Potion ကို ထိန်းနိုင်တဲ့အတွက်ကြောင့်မို့ ဒီကလေးတွေဟာ ရှစ်လလောက်အတွင်းမှာ အခြေအနေကောင်းကောင်းနဲ့ သိက္ခာရှိရှိနဲ့ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်ခင်ဗျား။ အခုလည်းကျွန်တော်တို့ ဇုန်အလိုက်ကစားနေပါတယ်။ အထက်မြန်မာပြည်ဇုန်အလိုက်ကစားပြီးတော့၊ အောက်ကလည်း ဇုန်အလိုက်ကစားပြီးတော့ အထက်မြန်မာပြည်လက်ရွေးစဉ်အသင်းနဲ့ အောက်မြန်မာပြည်လက်ရွေးစဉ်သပ်သပ်ရွေးမယ်။ ရွေးပြီးတော့မှ တစ်ခါနှစ်ခုပြိုင်ပြီးတော့ နေပြည်တော်မှာ ဒီဇင်ဘာလထဲလောက်ကိုလာရောက်ယှဉ်ပြိုင်ပြီး မြန်မာ့လက်ရွေးစဉ်တက္ကသိုလ်ဘောလုံးအသင်းကို ရွေးဖို့လုပ်ထားပါတယ်ခင်ဗျာ။ အခြေခံမှာလည်းပြောရရင်တော့ အားကစားကာယအခြေခံတွေမှာရှိပါတယ်ခင်ဗျား။ သို့သော်လည်းတချို့ကာယဆရာတွေက သင်ကြားရေးပြောင်းသွားတဲ့အခါကျတော့ကျွန်တော်တို့မှာလူ ၉၀၀ ကျော်လောက်ပဲ အထက်တန်းမှာ ၉၀၀ ကျော်လောက်ပဲကျန်ပါတယ်။ အားကစားနည်းပြက အလယ်တန်းကျတော့ ၁၅၀၀ လောက်တော့ကျန်ပါသေးတယ်ခင်ဗျား။ သို့သော် ကျွန်တော်တို့လည်းနှစ်စဉ် မွေးထုတ်ပေးနေပါတယ်။ အားကစားဝန်ကြီးဌာနကလည်း တကယ့်ကိုပံ့ပိုးတဲ့အတွက်ကြောင့်မို့ လုပ်ငန်းရှင်ကြီးဖြစ်တဲ့ ဦးဇော်ဇော်တို့ကလည်း ကျွန်တော်တို့ကိုအားကစားနဲ့ထောက်ပံ့ပစ္စည်းတွေ၊ Body Fitness အတွက်

လိုအပ်တာတွေလည်း တက္ကသိုလ်တွေကိုပေးထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးတွေက လှုပ်လှုပ်ရှားရှားတက်တက်ကြွကြွဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ အင်မတန်ဝမ်းသာမိပါတယ်။ အားလည်းတက်မိပါတယ်။ ကျွန်တော်တို့အခြေခံကဏ္ဍကိုတော့ နည်းနည်းလုပ်ရပါအုံးမယ်ခင်ဗျား။ ဘာလို့လဲဆိုတော့ ကလေးတွေက မိဘတွေကလည်းပါပါတယ်ခင်ဗျား။ ကလေးကို မနက်ခြောက်နာရီကနေ ည ၁၀ နာရီလောက်ထိက သင်ကြားရေးနဲ့ကျူရှင်ပဲသွားနေတဲ့အခါကျတော့ ကလေးတွေကအားကစားလုပ်ဖို့ အချိန်နည်းတာလည်း ပါပါတယ်ခင်ဗျား။ အမှန်အရိုးသားဆုံးပြောရရင်တော့ သို့သော် ဝန်ကြီးချုပ်တွေနဲ့ညှိနှိုင်းပြီးတော့ မိဘတွေအထိနည်းနည်းစည်းရုံးပြီးတော့ ကလေးတွေရဲ့ကျန်းမာရေးအတွက် မိဘတွေကသိပ်ပြီးတော့ကလေးကို Squeeze မလုပ်ဖို့ သူတို့ရဲ့လွတ်လပ်မှုလေးတွေကျန်းမာရေးအတွက် ကျွန်တော်တို့ အဲဒါလည်း ဒီမှာ စီမံချက်ရေးနေပါတယ်ခင်ဗျား။ မနှစ်ကစပြီးတော့ကျွန်တော်တို့ အောင်မြင်ခဲ့တာလည်း တစ်တိုင်းပြည်လုံးအသိပါပဲ ကျောင်းသားလေးတွေက အင်မတန်ကိုယဉ်ကျေးသိမ်မွေ့ပါတယ်။ ကျွန်တော်တို့ပြောတဲ့ပုံသွင်းတဲ့အတိုင်း သူတို့ ကျွန်တော်က အဲဒီတုန်းက အထက်မြန်မာပြည်ဘောလုံးတာဝန်ခံဖြစ်နေတဲ့အတွက်မို့လို့ သိခဲ့ပါတယ်ခင်ဗျား။ အဲဒီတော့ ပြုပြင်လို့ကလည်း အင်မတန်လွယ်ပါတယ်ခင်ဗျား။ ၈ လ အတွင်းမှ မျှော်တောင်မမျှော်လင့်ရဲတဲ့ဟာကို ရလာပါတယ်။ အခုလည်းအဆင့်မြင့်ပညာဒုဝန်ကြီးကို ကျွန်တော်တို့ကအားကစားနဲ့ပညာရေးပေါင်းစပ်မှု ကော်မတီဥက္ကဋ္ဌခန့်ပြီးတော့ သူလှည့်လည်ပြီးတော့ သူဇုန်တွေကိုလိုက်စစ်နေပါတယ်။ ဒီ ဝန်ကြီးချုပ်တွေကလည်း ဒေသအာဏာပိုင်တွေကလည်း သူတို့ဆုပေးတဲ့ဟာတွေလည်း ဝိုင်းဝန်းလုပ်ပေးပါတယ်ခင်ဗျား။ ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ကတက္ကသိုလ်တင်မဟုတ်ပါဘူးခင်ဗျား။ အခြေခံကကောင်းမှ တက္ကသိုလ်အသင်းတွေကကောင်းမှာဖြစ်တယ်။ ကျွန်တော်တို့ငယ်ငယ်ကဆိုရင် စိန်ဝင်းကြီးတို့၊ ငွေသိန်းတို့၊ ငွေသိန်းဆိုရင်စိုက်ပျိုးရေးတက္ကသိုလ်ရောက်တော့ ဘောလုံးတောင်မကန်တတ်ဘူး။ သို့သော် ကျွန်တော်တို့သူငယ်ချင်းပါပဲ ကျွန်တော်တို့နဲ့ ဘောလုံးလှည့်ကန်ရင်းနဲ့ ငွေသိန်းဟာ ဗမာ့လက်ရွေးစင်ရောက်သွားပါတယ်။ စိုက်ပျိုးကနေပြီးတော့ အဲဒီလို လူတွေလည်း ပေါ်ဖူးပါတယ်။ အခုကအခြေခံကစပြီးတော့ ဒီလိုအရှိန်အဟုန်နဲ့ဝိုင်းပြီးတော့ ပံ့ပိုးကြမယ်ဆိုရင် ဟိုတုန်းကလိုပဲ အေးမောင်ကြီးတို့ပေါ်ခဲ့သလိုပဲ အားကစားထူးချွန်သူများပေါ်လာမယ်လို့ မျှော်လင့်ပါတယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီကနေ့ ဦးထန်းလိန်း၊ မင်းတပ်မဲဆန္ဒနယ်ရဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းများကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ပေးရေး မူတစ်ရပ်ချမှတ်ပေးရန်အဆိုနဲ့ စပ်လျဉ်းပြီး ကိုယ်စားလှယ် ၈ ဦးကဆွေးနွေးသွားခဲ့ပါတယ်။ ထို့အတူပဲ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးတစ်ဦးကလည်း ဒီအဆိုနဲ့ဆက်စပ်ပြီး ဆွေးနွေးသွားခဲ့ပါတယ်။ ဆွေးနွေးချက်တွေကို အားလုံးသုံးသပ်လိုက်တဲ့အခါမှာ ဒီအဆိုသည်တကယ်လိုအပ်တဲ့ လုပ်ဆောင်ရမယ့် အဆိုတစ်ရပ်ဖြစ်ကြောင်း ဆိုတဲ့ဟာလည်း ပေါ်လွင်ပါတယ်။ ဒီမှာ ထူးခြားတာကတော့ အခြေခံပညာကျောင်းများမှာ အားကစားလုပ်ငန်းများကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေးကိုသာ အမှန်တကယ်လုပ်မယ်ဆို့လို့ရှိရင် အားကစားတင်မကဘဲနဲ့ ကျောင်းသား၊ ကလေးသူငယ်များရဲ့ အကျင့်စာရိတ္တ အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာနိုင်တယ်ဆိုတဲ့အဆိုများကိုလည်း သက်ဆိုင်ရာဆွေးနွေးသွားတဲ့သူများရဲ့ ဆွေးနွေးချက်ထဲမှာပေါ်လွင်နေပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအတွက် ယခင်အစိုးရလက်ထက်ကချမှတ်ထားတဲ့ ဦးတည်ချက် ၁၂ ရပ်ထဲမှာ လူမှုရေးဦးတည်ချက်ရဲ့ နောက်ဆုံးဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနဲ့ ကြံ့ခိုင်ရေးဆိုတဲ့ဦးတည်ချက်က နံပါတ် ၁၂ နောက်ဆုံးမှာရှိသော်လည်း တကယ်တမ်းကျနေတဲ့အခါကျတော့ ဒီဦးတည်ချက်ဟာ အဓိကထားလုပ်ရမယ့်ဦးတည်ချက်တစ်ခုဖြစ်ပါတယ်။ ဘယ်အစိုးရလက်ထက်ကချမှတ်ချမှတ် မှန်ကန်နေပြီးတော့ လက်တွေ့ဆောင်ရွက်ရမယ့် ကိစ္စဖြစ်တယ်ဆိုလို့ရှိရင်တော့ အားလုံးပဲလိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီနေ့ဒီအခါမှာတော့ ဒီမိုကရေစီစနစ်ဖွံ့ဖြိုးရှင်သန်လာပြီး ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီးတင်ပြနိုင်တဲ့ အခွင့်အလမ်းတွေကလည်း အားလုံးသိတဲ့အတိုင်းပေါ်ပေါက်လာတဲ့အခါမှာ ဒီနေ့တော့ ရင်ထဲမှာရှိတာပြည်သူတွေရဲ့စိတ်ဆန္ဒတွေကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြတဲ့နေရာမှာ ပညာရေးဝန်ကြီးကိုယ်တိုင်က ကလေးများ၊ ကျောင်းသားအရွယ်ကလေးများ မနက် ၆ နာရီကနေပြီးတော့ ည ၁၀ နာရီအထိ စာကျက်နေရတယ်။ ကျူရှင်တက်နေရတယ်ဆိုတဲ့ဟာကို လက်ခံပြီး ဒါနဲ့ပတ်သက်ပြီးတော့ နောင်ဘယ်လိုလုပ်သွားမယ်ဆိုတဲ့နေရာမှာလည်း ဒီနေ့ရဲ့ဆွေးနွေးချက်ဟာ အဓိကအခန်းကဏ္ဍကပါလာမှာဖြစ်ပါတယ်။ တကယ်တမ်းကျတဲ့အခါကြတော့ ပြည်သူများရဲ့ဆန္ဒဟာ သားသမီးများပညာတတ်ရုံတင်မကဘဲနဲ့ ဒီနေ့ဆွေးနွေးသွားတဲ့အတိုင်းပဲ ဗလငါးတန်ဖွံ့ဖြိုးရန် အရေးကြီးပါတယ်။ စာချည်းသက်သက်နဲ့မရနိုင်ပါဘူး။ ခုနကအားကစားထဲမှာ အားကစားသမားများရဲ့ စိတ်ဓာတ်

ဆိုတာ အင်မတန်မှအရေးကြီးပါတယ်။ Sporting Spirit ကအလွန်အရေးကြီးပါတယ်။ အဲဒီ Sporting Spirit ကို လူငယ်တိုင်း လူငယ်တိုင်းမှ စပြီးတော့ခံယူပြီး ဆောင်ရွက်မယ်ဆိုရင် ဒီ Sporting Spirit နဲ့ပဲအများနဲ့ ယှဉ်ပြိုင်တဲ့အခါမှာအနိုင်ရဖို့ တရားသဖြင့်ယှဉ်ပြိုင်တဲ့အခါမှာအနိုင်ရဖို့ဆိုတဲ့ စိတ်ဓာတ်ဟာ ကျွန်တော်တို့ ကလေးများ ကျွန်တော်တို့ရဲ့ပြည်သူတွေအတွင်းပျံ့နှံ့သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့မျှော်လင့်နေတဲ့ မျှော်မှန်းနေတဲ့ နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်မယ်ဆိုတာ အဲဒီကျမှဖြစ်သွားမယ်။ အခုလိုပဲစာမေးပွဲ အောင်အောင်၊ အမှတ်ကောင်းကောင်းရအောင် ဒီလိုဟာကိုပဲ အဓိကထားစဉ်းစားဆောင်ရွက်နေမယ် ဆိုလို့ရှိရင် စာမေးပွဲအောင်ဖို့ဘယ်သူ့အတွက်လည်း ကိုယ့်အတွက်အမှတ်ကောင်းဖို့ ကိုယ့်အတွက် ကိုယ့်အတွက် ကိုယ့်အတွက်ဆိုတဲ့ဟာတွေဖြစ်လာတဲ့အခါမှာ စိတ်ပိုင်းဆိုင်ရာ၊ စည်းကမ်းဆိုင်ရာ တွေမှာလည်းသွားပြီး ထိခိုက်နိုင်တဲ့အတွက် ဒီနေ့ ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်ရဲ့ အခြေခံပညာ ကျောင်းများတွင် အားကစားလုပ်ငန်းများကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ပေးရေးမူတစ်ရပ်ချ မှတ်ပေးရန်ဆိုတဲ့ကိစ္စဟာ အားကစားတစ်ခုတည်းအတွက်မဟုတ်ဘဲနဲ့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများရဲ့ အမျိုးသားရေးစိတ်ဓာတ်မြင့်မားလာရေးအတွက် အဓိကဆောင်ရွက်သင့်တဲ့လုပ်ငန်း၊ ဆောင်ရွက်ရမယ့် လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် လွှတ်တော်ရဲ့သဘောထားကိုရယူပါမယ်။ ဒါ့ကြောင့် မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းတင်သွင်းတဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းများကို ထိထိရောက်ရောက် လက်တွေ့ဆောင်ရွက်ရေး မူတစ်ရပ်ချမှတ်ပေးရန်အဆိုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် အခြေခံပညာကျောင်းများတွင် အားကစား လုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ပေးရေး မူတစ်ရပ်ချမှတ်ပေးရန်အဆို အတည် ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်က အဆိုတစ်ရပ်တင်သွင်းဖို့ရှိပါတယ်။ ဦးတင်ထွတ်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွတ်(ဇလွန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်တကွ ဒီနေ့အစည်းအဝေးကိုကြွရောက်လာကြတဲ့ လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းဂါရဝပြုအပ်ပါတယ်။ အခုကျွန်တော်တင်ပြသွားမယ့်အဆိုမှာ သီးနှံဈေးနှုန်းများ ဈေးနှုန်းမှန်ကန်စွာရရှိရေးဆောင်ရွက်မည့် အစီအစဉ်နှင့်ပတ်သက်တဲ့အဆိုဖြစ်ပါတယ်။ ကျွန်တော့်အဆိုအား စာဖြင့်တင်ပြခွင့်ပြုပါရန် တင်ပြတောင်းခံအပ်ပါတယ်။ ဒီနေ့ သောကြာနေ့လည်းဖြစ်တယ်။ အချိန်လည်း သိပ်မရှိတဲ့အတွက် ကျွန်တော့်အဆိုကို ၅ မိနစ်ထက်မပိုဘဲနဲ့ တိုတိုတုတ်တုတ်ပဲတင်ပြပါ့မယ်။ ကျွန်တော့်အဆိုမှာ သီးနှံများဆိုတဲ့ ယေဘူယျစကားကိုသုံးနှုန်းထားခဲ့ပါတယ်။ ကျွန်တော်ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ အဓိကသီးနှံဖြစ်တဲ့ စပါး၊ ပြောင်း၊ နှမ်း၊ ဝါ၊ ကြံ နှင့်ပဲအမျိုးမျိုးစတဲ့ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်သီးနှံများကိုဆိုလိုခြင်းဖြစ်ကြောင်းဦးစွာတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသများမှာနေထိုင်ကြပြီးတော့ အများစုဟာ လယ်ယာကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်းကြသူများဖြစ်ကြပါတယ်။ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားရေးဘဝ တိုးတက် မြင့်မားစေဖို့အတွက် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးဟာ အရေးပါသကဲ့သို့ စိုက်ပျိုးထုတ်လုပ်ခဲ့တဲ့ သီးနှံများကို သင့်တင့်သောဈေးနှုန်းများဖြင့်ရောင်းချနိုင်ရေးသည်လည်း အရေးကြီးသောလိုအပ်ချက် ဖြစ်ပါတယ်။ သင့်လျော်သောဈေးနှုန်းမရပါက တောင်သူလယ်သမားများဟာအရှုံးပေါ်ပြီး များစွာနစ်နာ ကြမှာဖြစ်ပါတယ်။ ဆုံးရှုံးနစ်နာခဲ့ကြတဲ့ဖြစ်စဉ်၊ သာဓကများလည်းများစွာရှိပါတယ်။ ကျွန်တော်တို့ အတည်ပြုခဲ့ပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၂၃ မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ (က) အခွင့်အရေးများကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်မည်။ (ခ) စိုက်ပျိုးထုတ်လုပ်တဲ့ကောက်ပဲသီးနှံများသင့်တင့်မျှတတဲ့တန်ဖိုး ရရှိရန်ဆောင်ရွက်မယ်လို့ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော်အခြေခံမူများနှင့်အညီ စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံများ သင့်တင့်မျှတတဲ့တန်ဖိုးရရှိရေးဟာ တောင်သူလယ်သမားများအတွက် အသက်တစ်မျှအလွန် အရေးကြီးတဲ့လုပ်ငန်းဖြစ်တယ်လို့ဆိုရင်ရနိုင်ပါတယ်။ ဒီကိစ္စဟာ တောင်သူလယ်သမားများရဲ့ လူမှုဘဝ လို့လည်းပြောရင်ရပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော်တို့ဇလွန်မြို့နယ်၊ ပျဉ်းမကုန်းရွာမှာ

တကယ်ဖြစ်ပျက်ခဲ့တဲ့ဖြစ်စဉ်လေးတစ်ရပ်ကို ကျွန်တော်တင်ပြလိုပါတယ်။ ဒါကတော့ ဘာလည်းဆိုရင် မနှစ်ကတုန်းက မတ်ပဲဈေးဟာ ၃ သောင်းပတ်ဝန်းကျင်၊ တစ်တင်းကိုရှိပါတယ်။ ဒီနှစ်မှာတော့ ပထမမှာ ၂၂၀၀၀ လောက်ကနေပြီးတော့ တဖြည်းဖြည်းဈေးကျလာတယ်။ ၁၇၀၀၀ လောက်အထိဖြစ်ပါတယ်။ တစ်နေ့မှာ ပျဉ်းမကုန်းရွာက တောင်သူကြီး၊ လယ်သမားကြီးတစ်ဦးဟာ ငွေအသုံးလိုလို့ မတ်ပဲ ၁၀ တင်းယူပြီးတော့ ဇလွန်မြို့ကိုတက်ခဲ့ပါတယ်။ တက်ပြီးတော့ ဇလွန်ကပွဲရုံမှာသွားပြီးအပ်ပါတယ်။ အပ်တော့ ဇလွန်ပွဲရုံပိုင်ရှင်က သူ့ရဲ့ပဲတွေကို အခွံတွေကို ချွတ်ကြည့်ပါတယ်။ ပဲက လုံးပိန်၊ လုံးညှပ်များတယ်။ ခဲ၊ သလဲပါတယ်နဲ့ နောက်ဆုံး ၁၇၀၀၀ ပေါက်တဲ့ မတ်ပဲတစ်တင်းကို ၁၂၀၀၀နဲ့ ဈေးဖြတ်ပါတယ်။ အဲဒီတော့ အမေကြီးကြိုက်ရင်လည်းရောင်းသွားပါ။ မကြိုက်ရင်လည်းပြန်ယူသွားပါဆိုပြီးတော့ ပွဲရုံပိုင်ရှင်က ပြောပါတယ်။ အဲတော့ အမေကြီးကဘာပြောလည်းဆိုရင် ဒီမသာကို ဒီသင်္ချိုင်းကုန်းမှာမချရင် ဘယ်သင်္ချိုင်းကုန်းသွားမလဲဆိုပြီးတော့ ပဲ ၁၀ တင်းထားခဲ့တဲ့ဘဝလေးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ သင့်တင့်မျှတတဲ့ ဈေးနှုန်းရရေးဟာ တောင်သူလယ်သမားများရဲ့ဘဝလို့ ဆိုလိုခြင်းဖြစ်ပါတယ်။

နောက်စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံများကို သင့်တင့်မျှတတဲ့ဈေးနှုန်းရရှိရေးအတွက် အာမခံချက် Guarantee Price သတ်မှတ်ထားရှိခြင်းသည် တောင်သူလယ်သမားများကို ပိုမိုကြိုးစား စိုက်ပျိုးလိုတဲ့စိတ် ဖြစ်စေမှာဖြစ်ပါတယ်။ ဒ့ါအပြင် လယ်ယာထွက်ကုန်ထုတ်လုပ်မှုကိုလည်းတိုးတက်မြင့်မားစေပြီး သူတို့ရဲ့ လူမှုစီးပွားရေးဘဝမြင့်မားတိုးတက်ရေးကိုလည်းများစွာအထောက်အကူ ဖြစ်စေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လေ့လာချက်များအရ ဗီယက်နမ်နိုင်ငံမှာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာမှာ စိုက်စရိတ်ကုန်ကျမှုရဲ့ ၃၀ ရာခိုင်နှုန်းကို ထပ်ဆောင်းပြီးတော့ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု Minimum Purchase Guarantee Price အဖြစ် ဗီယက်နမ်စားနပ်ရိက္ခာအဖွဲ့ Vietnum Food Association ကနေပြီးတော့ ကာလအလိုက် ကြိုတင်အသိပေးသတ်မှတ်ပြီးဆောင်ရွက်လျက်ရှိကြောင်းသိရပါတယ်။ အလားတူပဲ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှာလည်း ကျင့်သုံးလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အဓိကစားသုံးသီးနှံဖြစ်တဲ့ စပါးနှင့် ပြည်ပ ဈေးကွက်ဝင်သီးနှံဖြစ်တဲ့ ပဲမျိုးစုံတို့နှင့်ပတ်သက်ပြီးတော့ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားဖို့၊ ပြည်ပပို့ကုန် တိုးမြင့်ဖို့နှင့် စိုက်ပျိုးထုတ်လုပ်သူများ လူမှုစီးပွားရေးဘဝမြင့်မားတိုးတက်ဖို့တို့ဟာ တစ်ခုနဲ့ တစ်ခုဆက်နွယ်

ဆက်စပ်လျက်ရှိတဲ့အတွက် ဒီကိစ္စဟာအလွန်ပဲအရေးကြီးတယ်လို့ယုံကြည်ပါတယ်။ ဒါ့ကြောင့် ကျွန်တော် တင်ပြလိုတဲ့အချက်ကတော့ ဖြစ်ပေါ်နိုင်သောပြည်တွင်းဈေးနှုန်း၊ ပြည်ပဈေးနှုန်း အခြေအနေများကို ချိန်ဆ သုံးသပ်ပြီးတော့ နိုင်ငံတော်အနေနဲ့သော်လည်းကောင်း၊ သီးနှံကုန်သွယ်မှုပြုလုပ်တဲ့အဖွဲ့အစည်းများအနေနဲ့ သော်လည်းကောင်း၊ သီးနှံအထူးပြုကုမ္ပဏီများအနေနဲ့သော်လည်းကောင်း သီးနှံများကိုကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်း အာမခံမှု Minimum Purchase Guarantee Price ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရရဲ့ ကြီးကြပ်မှုနဲ့ ကြိုတင်ဆောင်ရွက်ပေးသင့်ပါကြောင်းအဆိုပြုတင်ပြအပ်ပါခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွတ် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ဖိတ်ကြားထားသော ဧည့်သည်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မဲဆန္ဒနယ် မှ ဦးတင်ထွတ် အဆိုတင်သွင်းထားသော သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုး အစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှုကို ဈေးကွက်စီးပွားရေးမူဘောင် အတွင်းမှ ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုဖြင့်ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုအား ထောက်ခံကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဇလွန်မဲဆန္ဒနယ် မှ ဦးတင်ထွတ် တင်သွင်းတဲ့ အဆိုအား ဆွေးနွေးမယ့်ရက်ကိုထပ်မံကြေညာပါမယ်။ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။ သောကြာနေ့ဖြစ်သော်လည်း ၄ နာရီထက်အစည်းအဝေးဟာ မပိုမှာဖြစ်တဲ့အတွက် ဆွေးနွေးမယ့်သူများ မပျက်မကွက်စာရင်းပေးသွားဖို့ ထပ်လောင်းကြေညာပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီးပွားရေးတည်ငြိမ်ဖွံ့ဖြိုးရေးအတွက် ခိုင်မာသည့်ငွေကြေးမူဝါဒများချမှတ်ပြီး သဘာဝကျ၍ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်နိုင်မည့် နိုင်ငံခြားငွေလဲလှယ်နှုန်းကိုဥပဒေနှင့်အညီသတ်မှတ်ဆောင်ရွက်ရန် အဆိုတင်သွင်းဖို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတတ်နိုင်သမျှ တိုချင်လို့ ကျွန်မရဲ့အဆိုကို ထပ်မဖတ်ပြတော့ပါဘူး။ အဆိုကိုစာတမ်း တင်သွင်းခွင့်ပြုပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ Macro Economic Policy ကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာကုန်သွယ်ရေးမှာ အရေးပါတဲ့ကဏ္ဍတစ်ရပ်ဖြစ်တယ်လို့ဆိုပါတယ်။ တနည်းအားဖြင့် Foreign Trade ကအရေးပါပါတယ်။ အဲဒီတော့ Foreign Trade ကို ဆောင်ရွက်တဲ့အခါမှာ ပြည်ပငွေပေးငွေယူကိစ္စများ၊ အခွန်အကောက်ကိစ္စတွေအတွက်ကို နိုင်ငံတကာသုံးငွေနဲ့ သုံးစွဲလုပ်ကိုင်ကြရတာကို အထူးပြောနေစရာမလိုပါဘူး။ အားလုံး လူကြီးမင်းများ သိကြတဲ့အတိုင်းဖြစ်ပါတယ်။ အဲဒီအခါမှာ ပြည်ပကုန်သွယ်ရေးကိစ္စတွေဆောင်ရွက်ရာမှာ သုံးစွဲရတဲ့နိုင်ငံခြားငွေအတွက် မြန်မာနိုင်ငံသုံးကျပ်ငွေရဲ့ ငွေလဲလှယ်နှုန်းဟာအရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ အရေးကြီးတဲ့ကိစ္စဆိုတဲ့အခါကျတော့ ကျွန်မနည်းနည်းလေးရှည်ရမယ်ဆိုရင် Fiscal Policy နဲ့ Monetary Policy မှာ ဒီ Exchange Rate နဲ့ပတ်သက်လို့ Monetary Policy နဲ့ Soft လုပ်ရမှာဖြစ်ပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် Monetary Policy ရဲ့ Tools များကို ကျွန်မ မပြောတော့ဘဲနဲ့ မြန်မာပြည်အပိုင်း ရိုးရိုးရှင်းရှင်းလေးဘယ်လိုလုပ်မလဲဆိုတဲ့အပိုင်းကိုပဲပြောပါမယ်။ ဒီ Monetary Policy နဲ့ပတ်သက်ပြီးတော့လည်း ဒီပြည်ထောင်စုအစိုးရနေပြီးတော့ Exchange Rate နဲ့ပတ်သက်လို့ Unification လုပ်နေတယ်ဆိုတာလည်းသိပါတယ်။ ကျွန်မဒီအဆိုကို ပထမအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာကတည်းက တင်ပြီးတော့ဆွေးနွေးဖို့အတွက် စီစဉ်ခဲ့တာမအောင်မြင်ဘဲနဲ့ ဒီနေ့မှဆွေးနွေးခွင့်ရတာ။ ကျွန်မကစပြီးတော့ ဆွေးနွေးဖို့စီစဉ်ထားတာဖြစ်ပါတယ်။ အဲဒီတော့ ဆက်ပြောရမယ်ဆိုလို့ရှိရင် ဒီမြန်မာနိုင်ငံသုံးကျပ်ငွေရဲ့ လဲလှယ်နှုန်း Exchange Rate ကိစ္စမှာ မြန်မာပြည်မှာတရားဝင်ကျင့်သုံးနေဆဲဖြစ်တဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းဟာဆိုလို့ရှိရင် ဟိုးနှစ်ပေါင်း

ကြာရှည်ကတည်းက အရင်အစိုးရလက်ထက်တွေကတည်းက အသုံးပြုခဲ့တဲ့ငွေလဲလှယ်နှုန်း Exchange Rate ဖြစ်ပါတယ်။ မြန်မာပြည်ရန်ကုန်မြို့မှာရှိတဲ့ MFTB နဲ့ MICB ဘဏ်တို့ရဲ့ Bank Advice အစိုးရဌာနဆိုင်ရာအချို့ငွေစာရင်းရှင်းတမ်းများမှာဆိုရင် နိုင်ငံခြားငွေနဲ့ညီမျှတဲ့ မြန်မာကျပ်ငွေတွေကို ဖော်ပြတဲ့အခါမှာ အဲဒီတရားဝင်ငွေကြေးလဲလှယ်နှုန်း၊ တစ်နည်းအားဖြင့် ၆ ကျပ်နဲ့ ဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒီတော့ တကယ့်တကယ် Current Market Rate နဲ့ ပြန်တွက်ကြည့်မယ်ဆိုလို့ရှိရင် အချိန်ကာလအလိုက် ဖြစ်ပေါ်နေတဲ့အတွက် အချိန်ပေါ်မှာအခြေခံပြီးတော့ရောင်းဝယ်ဖောက်ကားနေကြတဲ့ အတွက် နှုန်းရှင်ဈေးကွက်နဲ့ လဲလှယ်နှုန်း ၆ ကျပ်နဲ့ ၁၄၀ နှုန်း၊ တရားဝင်ငွေလဲလှယ်နှုန်း အဆပေါင်း ၁၆၀ အဲဒီလောက်ကွာခြားနေပါတယ်။ အဲဒီတော့ စာရင်းရှုထောင့်ကပဲကြည့်ကြည့် ၊ ဘယ်ရှုထောင့်စီးပွားရေး၊ ဘောဂဗေဒရှုထောင့်ကပဲကြည့်ကြည့် ဒီဟာက အဆမတန်ကွာခြားတဲ့၊ အဓိပ္ပာယ်မရှိတဲ့ ၁၄၀၊၁၆၀၊ ဒါမှမဟုတ် ၁၀၀ ကျော်တဲ့နှုန်းများက စာရင်းရေးဆွဲတဲ့အခါမှာ ပကတိအခြေအနေကို တိကျစွာဖော်ပြနိုင်ခြင်း မရှိပါဘူး။ အဲဒီတော့ ခုနကပြန်မထပ်ထည့်မပြောတဲ့ Fiscal Policy မှာလည်း ၆ ကျပ်နဲ့ပဲတွက်ထားတဲ့အတွက် ကြောင့်မို့ မြန်မာပြည်ရဲ့ဘဏ္ဍာရေးစာရင်းတွေကပဲ ကွာခြားမှုအများကြီးရှိတဲ့အတွက်ကြောင့်မို့ ဆုံးရှုံး နစ်နာမှုတွေအများကြီးရှိပါတယ်။ အဲဒီတော့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်မှာဆိုရင် FEC ၁ ယူနစ်ကို ၁၅၀ ဆိုပြီးတော့ သွင်းကုန်၊ အကောက်အခွန်တွေပေါ်မှာနှုန်းတွေ တွက်ချက်လိုက်ပါတယ်။ အဲဒီတော့ တန်ဖိုးသင့်တဲ့အခါမှာ ကျတော့ လက်သင့်ရာ ၄၅၀ သတ်မှတ်တယ်။ Fasible Income ရှိတဲ့သူကျတော့ ၆၀၀ သတ်မှတ်တယ်။ မော်တော်ကားရဲ့ Spare Part တွေ ဘာတွေကျတော့ ၉၈၀ ဆိုပြီးတော့ နှုန်းတွေအမျိုးမျိုးသတ်မှတ်ပြီးတော့ တွက်ချက်ကြပါတယ်။ အဲဒီတော့နောက်တခါ ဝင်ငွေပေါ်မှာတွက်တဲ့အခါမှာ တွက်ချက်တာ ကိစ္စတစ်ခုချင်းပေါ်မူတည်ပြီးတော့ Parallel Market Price ဈေးကွက်လဲလှယ်နှုန်းပေါ်မှာတည်ပြီးတော့ တွက်ချက်ကြပါတယ်။ အဲဒီလိုတွက်ချက်ပြီး ခွင့်ပြုတဲ့အခါကျတော့ မောင်ဖြူကိုတစ်မျိုး၊ မောင်နီကိုတစ်မျိုး နှုန်းတွေက အမျိုးမျိုးနဲ့ ပြောင်းလဲတွက်ချက်တာတွေ့ရပါတယ်။ အဲဒီတော့ ဒီငွေကြေးလဲလှယ်နှုန်း တစ်သမတ်တည်းမရှိဘဲနဲ့ အကြောင်းအပေါ်အလိုက်၊ လူအပေါ်အလိုက်၊ မူပေါ်လိုက်ပြီးတော့ အမျိုးမျိုး ကွဲပြားနေခြင်းဟာဆိုလို့ရှိရင် ဥပဒေကြောင်းနဲ့လည်းမညီညွတ်တဲ့အပြင် ခေတ်နဲ့လည်းမကိုက်ညီတော့ ပါဘူး။ ဈေးကွက်နဲ့လည်းမဆီလျော်တဲ့ ငွေကြေးလဲလှယ်နှုန်းဖြစ်ပါတယ်။ အဲတော့ ဆိုးကျိုးတွေ တွေ့ခဲ့ရပါတယ်။ ဆိုးကျိုးတွေကိုကျွန်မတတ်နိုင်သလောက် အတိုးချုံးပြီးတော့ရိုးရိုးရှင်းရှင်းပြောပါမယ်။

(၁)လက်တွေ့မကျတဲ့ Exchange Rate ဖြစ်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI တွေကို စွဲဆောင်နိုင်စွမ်းမရှိပါဘူး။ (၂) Financial Statement ၊ Trading Profit and Loss အရှုံးအမြတ် စာရင်းတွေတွက်ချက်တဲ့အခါမှာလွဲချော်နေပြီးတော့ အဓိပ္ပါယ်တွေကအမျိုးမျိုးထွက်နိုင်ပါတယ်။ (3) Tax အခွန်ငွေတွက်ချက်တဲ့အခါမှာ ညီညွတ်မှန်ကန်မရှိဖြစ်နေပါတယ်။ (၄) နိုင်ငံတော်ရဲ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းတွေအပေါ်မှာလွဲမှားစွာအကဲဖြတ်မှုဖြစ်စေပြီး ဘဏ္ဍာရေးနဲ့ပတ်သက်လို့ပြဿနာများ၊ အခက် အခဲတွေမရေတွက်နိုင်အောင်ပေါ်ပေါက်နေပါတယ်။ (၅) နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာအခက်အခဲ တွေလည်းပေါ်ပေါက်နိုင်ပါတယ်။ (၆) ငွေကြေးလဲလှယ်တဲ့နှုန်းမတည်ငြိမ်တဲ့အပေါ်မှာအကြောင်းပြုပြီးတော့ မသမာမှုတွေလူပေါ်တည်ပြီးတော့ ပြောင်းလဲမှုတွေရှိတဲ့အတွက်ကြောင့်မို့လို့ လာဘ်ပေးလာဘ်ယူမှုတွေ လည်းဖြစ်စေပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အမျိုးသားစီးပွားရေးတည်ငြိမ်ရေး အတွက် အဓိကအထောက်အကူဖြစ်တဲ့ ခိုင်မာတဲ့ငွေကြေးဝါဒများချမှတ်ပေးနိုင်ရေးနှင့်အတူ တစ်ပါတည်း သဘာဝကျပြီး ဈေးကွက်နှင့်လိုက်လျောညီထွေရှိစေသည့် မြန်မာနိုင်ငံခြားငွေလဲလှယ်နှုန်းကိုသတ်မှတ်ပြီး တော့ ဥပဒေနှင့်အညီဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်၊ မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတင်သွင်းတဲ့ အဆိုအားဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းတင်သွင်းကြဖို့ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ်ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ (တနင်္လာနေ့) ၁၀:၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။